ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ နယုန်လဆန်း ၅ ရက်၊ တနင်္လာနေ့၊ (6-6-2011) (၆၇၈၂)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း ၂၀၁၁ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တိုးပွားလာသည့် လူဦးရေအား လိုအပ်သောစားနပ်ရိက္ခာ ဖြည့်ဆည်းပေးရသည့်အတွက် သစ်တောများလျော့နည်းပြုန်းတီး

သဘာဝပတ်ဝန်းကျင်အပေါ် အလွန်အကျွံ မှီခိုအားထား ထုတ်ယူသုံးစွဲမှုများလျော့နည်းရေး ပညာပေးတိုက်ဖျက်

အနာဂတ်မျိုးဆက်များအတွက် သဘာဝပတ်ဝန်းကျင်အခြေအနေကောင်းများ လက်ဆင့်ကမ်းပေးနိုင်ရန် ပူးပေါင်းပါဝင်

နေပြည်တော် ဇွန် ၅

၂၀၁၁ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပြီး ၂၀၁၁ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများချီးမြှင့်သည်။

❑ ယခုနှစ်တွင် လူထုလှုပ်ရှားမှုဖြင့် စိုက်ပျိုးမည့် အပင်ပေါင်း သန်း ၃၀ အပါအဝင် စုစုပေါင်းသစ်ပင် ၇၈ သန်း စိုက်ပျိုးရန် အစီအမံများ ချမှတ်ထားပြီး စတင်စိုက်ပျိုးနေ။

❑ မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသ၌လည်း သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်း၊ ထင်းအစား အခြားလောင်စာ သုံးစွဲစေခြင်း၊ ရေရရှိရေးဆောင်ရွက်ခြင်းတို့ကို အထူးအလေးပေးဆောင်ရွက်ပေးလျက်ရှိ။

တက်ရောက်

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီဝင်များ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဆုရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းက အဖွင့်အမှာစကားပြောကြားရာတွင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဖြစ်ပေါ်လာပုံအကျဉ်းချုပ်မှာ ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့၌ ကုလသမဂ္ဂကကြီးမှူးပြီး လူသားနှင့်ပတ်ဝန်းကျင်ညီလာခံကို ပထမဆုံးအကြိမ်ကျင်းပခဲ့ကြောင်း၊ ယင်းညီလာခံကျင်းပခဲ့သော ဇွန် ၅ ရက်ကို ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ပြီး နှစ်စဉ်နှစ်တိုင်း ကမ္ဘာ့နိုင်ငံအသီးသီး၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများ ကျင်းပခဲ့ကြကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁ သို့◆

ဆုချီးမြှင့်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ၂၀၁၁ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အလွတ်တန်း ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရ သိမ့်(စီးပွားရေးတက္ကသိုလ်)အား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

မှန်ကူကျိ
The Mirror
၆ - ၆ -၂၀၁၁
(တနင်္လာနေ့)

အရည်အသွေးနှင့် စိတ်ဓာတ်မြင့်မားရေး

နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနယ်ပယ် ကဏ္ဍစုံ၌ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာရပ်များ ခေတ်နှင့်အညီ တိုးတက်ဖြစ်ထွန်းနေသည်။ ပညာအရည်အသွေးပြည့်ဝသော မျိုးဆက်သစ်လူငယ်များသည် ငြိမ်းချမ်းသာယာဝပြောသည့် လူ့ဘောင်အဖွဲ့အစည်း ဖြစ်ပေါ်လာရေးတွင် အဓိကအရင်းအမြစ် စွမ်းအားစုများဖြစ်သည်။

ယခုအခါ အမျိုးသားပညာရည်မြင့်မားရေး အနှစ် (၃၀) နှစ်ရည်မှန်းစီမံကိန်းကို ချမှတ်ဖော်ဆောင်နေသည်။ နိုင်ငံတစ်ဝန်း နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများ ဖွင့်လှစ်ပေးထားသည်။ တိုးတက်ပြောင်းလဲလာမည့် နည်းပညာသစ်များ၊ ဆက်သွယ်ရေးနည်းပညာများနှင့်အတူ နိုင်ငံတကာပညာအဆင့်မီ လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ပေးလျက်ရှိသည်။

အမျိုးသားပညာရည်မြင့်မားရေး နှစ်တို၊ နှစ်ရှည်စီမံကိန်းများ ချမှတ်ဖော်ဆောင်ရာတွင် နိုင်ငံသူ၊ နိုင်ငံသားတိုင်း အခြေခံပညာတတ်မြောက်စေရေး၊ အရည်အသွေးမြင့်မားသော အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ် ပေါ်ထွက်လာစေရေးဦးတည်သည်။ နိုင်ငံတစ်နံတစ်လျားတွင် အခြေခံပညာကျောင်းများ၊ ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို တိုးချဲ့တည်ဆောက်မြင့်တင်ပေးနေသည်။

ကွန်ပျူတာကွန်ရက်များ၊ အီလက်ထရွန်နစ်စနစ်များကို တစ်နိုင်ငံလုံးဖြန့်ကြက်ဖြည့်ဆည်းပေးထားပြီဖြစ်သည်။ မြို့ပြနှင့်ကျေးလက် ပညာသင်ယူနိုင်မှု အခွင့်အလမ်းများလည်း တစ်ပြေးညီဖြစ်ထွန်းလာနေပြီဖြစ်သည်။

တိုးတက်ပြောင်းလဲလာမှုနှင့်အတူ ယှဉ်ပြိုင်မှုအားကောင်းလှသည့် ယနေ့ခေတ်ကာလတွင် ဆရာနှင့်တပည့် ပေါင်းစည်းလက်တွဲ၍ သင်ကြားမှု၊ သင်ယူမှုများ ကြိုးပမ်းအားထုတ်ကြရပေမည်။ အထူးသဖြင့် ဆရာ၊ ဆရာမများအနေဖြင့် မိမိကိုယ်ပိုင်အရည်အသွေးနှင့် စိတ်ဓာတ်မြင့်မားရေး အစဉ်တစိုက်ကြိုးပမ်းကြရပေမည်။ ကျောင်းသား၊ ကျောင်းသူများ စံနမူနာယူထိုက်သော ဆရာ၊ ဆရာမများဖြစ်ရေး ဆရာ့ဂုဏ်ရည်နှင့်အညီ ကျင့်ကြံနေထိုင်သွားရေး တည်ဆောက်ကြရမည်ဖြစ်သည်။

ပညာရေးကို မဏ္ဍိုင်ပြုပြီး အနာဂတ်နိုင်ငံတော်သစ်ကို တည်ဆောက်သွားနိုင်ရေးသည် သမိုင်းပေးတာဝန်ဖြစ်သည်။ ဆရာ၊ ဆရာမများအနေဖြင့် မျိုးဆက်သစ်လူငယ်များအား အတတ်ပညာ၊ စွမ်းရည်၊ စိတ်ဓာတ်မြင့်မားခိုင်မာစေရေး ပြုစုပျိုးထောင်ပေးခြင်းဖြင့် အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ပေါ်ထွက်လာနေမည်ဖြစ်ပါသည်။ ။

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ အဖွဲ့အမှတ်တံဆိပ် (Logo) ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၅

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ (Myanmar Tourism Board) ၏ လုပ်ငန်းဆောင်တာကိစ္စရပ်များတွင် အသုံးပြုရန် အဖွဲ့အမှတ်တံဆိပ် (Logo) အတွက် ပြိုင်ပွဲကျင်းပမည်ဖြစ်သည်။ အဖွဲ့၏ လုပ်ငန်း၊ ရည်ရွယ်ချက်နှင့်ပုံရိပ်ကို သိသာထင်ရှားစေသော လေးနက်တည်ကြည်သည့် ပုံသဏ္ဌာန်နှင့် အဓိပ္ပာယ်ကို ဖော်ဆောင်နိုင်ရမည်ဖြစ်သည်။ ဆုရွေးချယ်ရေးကော်မတီမှ ရွေးချယ်သော အကောင်းဆုံး တစ်ပုံကိုသာ ဆုကြေး ကျပ်ငါးသိန်းချီးမြှင့်မည်ဖြစ်သည်။ ဝင်ရောက်ယှဉ်ပြိုင်သူများသည် အမည်၊ နိုင်ငံသားမှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန် ဖုန်းနံပါတ် အပြည့်အစုံနှင့်အတူ ၅"×၅" အရွယ် အရည်အသွေးမြင့် (Logo) ပုံကို ဇွန် ၂၅ ရက်နေ့ မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ Myanmar Tourism Board Logo အခန်းအမှတ် (၁၀၁) ရွှေသံလွင်ကုန်းဝိ တက္ကသိုလ်ရိပ်သာလမ်းသစ် ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၅၄၉၈၀၊ ၅၅၄၉၈၁ တို့သို့ ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

ကွယ်လွန်သူ အစ်မကြီး ဒေါ်ခင်လှိုင်အားရည်စူး၍ ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နေ ညီမဖြစ်သူ ဒေါ်ခင်ချန်းက မေ ၁၅ ရက်တွင် လှူမှုဝန်ထမ်းဦးစီးဌာန မျက်မမြင်ကျောင်း ကြည့်မြင်တိုင်သို့ Computer ဝယ်ယူရန်အတွက် ငွေကျပ် သုံးသိန်း လှူဒါန်းရာ ဒုတိယကျောင်းအုပ်ကြီး ဒိုင်ဒိုဒါက် လက်ခံယူစဉ်။ (ကြေးမုံ)

ပြည်သူ့ သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ကွန်ပျူတာပန်းချီပြိုင်ပွဲ ကြည့်ရှုအားပေး

ရန်ကုန် ဇွန် ၅

ရန်ကုန်တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၁၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် တိုင်းဒေသကြီးအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ(**ယာဉ်**) သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ကျောင်းသား၊ ကျောင်းသူများ ပြိုင်ပွဲဝင်မှုကို လိုက်လံ ကြည့်ရှုအားပေးသည်။

အဆိုပါပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများမှ အလယ်တန်းအဆင့် ၃၀ နှင့် အထက်တန်းအဆင့် ၃၅ ဦး စုစုပေါင်း ၆၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ငါးသယံဇာတထိန်းသိမ်းရေး ညောင်တုန်းမြို့နယ်တွင် ပညာပေး

ညောင်တုန်း ဇွန် ၅

ညောင်တုန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ငါးသယံဇာတထိန်းသိမ်းရေး ပညာပေးဟောပြောပွဲကို ညောင်တုန်းမြို့နယ် စက်မှုလယ်ယာဦးစီးဌာနတွင် ဇွန် ၂ ရက်က ကျင်းပသည်။

ညောင်တုန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးသက်ဦးက ငါးမျိုးပြန်းတီးမှုမှ ကာကွယ်ရန် ငါးရစ် ငါးသန်ကာလအတွင်း ငါး၊ ပုစွန် ဖမ်းဆီးရေး၊ တားမြစ်ထားသော ငါးဖမ်းနည်းများ ဖြစ်သည့် ဘက်ထရီရှော့တိုက် ငါးဖမ်းခြင်း၊ ဓာတုဆေးဝါး၊ ပိုးသတ်ဆေးများ အသုံးပြု၍ အဆိပ်ချငါးဖမ်းဆီးခြင်း မပြုလုပ်ရန် တားမြစ်ချက်များကို လိုက်နာကြရန် ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။(**အောက်ပုံ**)

(၁၆၀)

လှိုင်မြို့နယ် အမှတ်(၃)ရပ်ကွက် ဗုဒ္ဓဘာသာ သာသနာ့နုဂ္ဂဟအသင်း၏ အသင်းရုံးခန်းဖွင့်ပွဲကို မေ ၂၉ ရက်က ကျင်းပရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် သာသနာ့နုဂ္ဂဟအသင်းမှ တာဝန်ရှိသူတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (ကြေးမုံ)

မြန်မာဘရူဝါရီလီမိတက် စာကြည့်တိုက်များသို့ စာအုပ်နှင့် အသည်းရောင်အသားဝါ ကာကွယ်ဆေးများ လှူဒါန်း

ရန်ကုန် ဇွန် ၅

မြန်မာဘရူဝါရီလီမိတက်က စာဖတ်ခြင်းဖြင့် ဘဝလမ်းတိုးတက်နိုင်ကြစေရန် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး မကွေးမြို့ အောင်ရတနာသုတစာကြည့်တိုက်၊ ချောက်မြို့ ဩဇာတောကျေးရွာစာကြည့်တိုက်၊ ချောင်းနက်ကျေးရွာ စာကြည့်တိုက်၊ တောင်တွင်းကြီးမြို့နယ် ပေတောကျေးရွာစာကြည့်တိုက်နှင့် ရေနံချောင်း မြို့နယ်စာကြည့်တိုက်များသို့ စုစုပေါင်း ငွေကျပ် ၁၂ သိန်းခန့်တန်ဖိုးရှိ သုတ၊ ရသစာအုပ်အမျိုးအစားအစုံ ၉၈၀ ခန့် လှူဒါန်းခဲ့ကြောင်းသိရသည်။

ထို့နောက် ၂၀၁၁ ခုနှစ်တွင် သုံးနှစ်မြောက်အဖြစ် အသည်းရောင်အသားဝါ ဘီကာကွယ်ဆေး စုစုပေါင်း ၄၈၀၀ ကို တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်၊ မြိတ်နှင့် ကော့သောင်းမြို့များမှ ပုံမှန်သွေးလှူရှင်များသို့ မေ ၁၉ ရက်မှ ၂၃ ရက်အထိ အုပ်ချုပ်မှုအဖွဲ့နှင့် ဝန်ထမ်းများကိုယ်တိုင် သွားရောက်လှူဒါန်းခဲ့ကြပြီး မြန်မာဘရူဝါရီလီမိတက်၏ မြန်မာ့ဘယ်စထောင်းမှ နိုင်ငံတကာထုတ်လုပ်မှုဆိုင်ရာဆု (BIIA) ရွှေတံဆိပ်နှင့် ချန်ပီယံဆုဖလား စုစုပေါင်း နှစ်ဆုရရှိသည့် အထိမ်းအမှတ် သတင်းစာရှင်းလင်းပွဲကို အင်းလျားလိတ်ဟိုတယ်၌ ကျင်းပခဲ့ရာ သတင်းစာရှင်းလင်းပွဲ အခမ်းအနား၌ မြန်မာဘရူဝါရီလီမိတက် ဥက္ကဋ္ဌ ဦးနေဝင်းက နိုင်ငံတကာထုတ်လုပ်မှုဆိုင်ရာဆု (BIIA) ရွှေတံဆိပ်နှင့် ချန်ပီယံဆုဖလား စုစုပေါင်း နှစ်ဆုရရှိသည့် အကြောင်းများကို ရှင်းလင်းပြောကြားကြောင်း သိရသည်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၆-၆-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။ နိုင်ငံတော်သီချင်း
၇း၀၅	၂။ တရားတော်
၇း၂၀	၃။ မမွေ့ဖွယ်ရာတေး
၇း၂၅	၄။ မျိုးချစ်တပ်မတော်
၇း၃၀	၅။ မြန်မာ့ရွှေခြင်း
၇း၃၅	၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀	၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။ မြဝတီ ရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။ နိုင်ငံတော်သီချင်း
၄း၀၅	၂။ အဖွင့်သီချင်း
၄း၁၀	၃။ မျိုးချစ်တပ်မတော်
၄း၁၅	၄။ စိုက်ပျိုးသုတ
၄း၂၅	၅။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၃၅	၆။ လျှပ်တစ်ပြက်
၄း၄၅	၇။ ဗွီဒီဒီကျော်ကြားတေး
၅း၀၀	၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၁၀	၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း** -ဟာသလွင့်ပြင် (အပိုင်း-၇)
၆း၀၀	၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၀	၁၂။ သံစဉ်လမ်းက လင်းလက်ကြယ်
၇း၀၀	၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း** -ငွေတိုက်ပွဲ (အပိုင်း-၁၅)
၈း၀၀	၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။ အမျိုးသားရေးတေးကဗျာ
	၁၆။ ဒို့တာဝန်အရေးသုံးပါး
	၁၇။ နိုင်ငံတကာသတင်း
	၁၈။ မိုးလေဝသသတင်း
	၁၉။ Talk Of The Town
	၂၀။ မေးမြန်းစူးစမ်း
	၂၁။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
	၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း** -အချစ်တို့တည်ရာ (အပိုင်း-၂၂)
	၂၄။ Mini Series
	၂၅။ သင့်အတွက်မနက်ဖြန်

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း ၂၀၁၁ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွတ်တန်းစာစီစာကုံးပြိုင်ပွဲတွင် ဒုတိယဆုရ ဦးဝင်းသိန်း(ကျောင်းဆရာကိုကိုဝင်း)အား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

◆ရွှေဖုံးမှ

နှစ်စဉ် ဇွန်လ ၅ ရက်နေ့ ရောက်တိုင်း ကမ္ဘာ့နိုင်ငံများအလိုက် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနား၊ အနုပညာစွမ်းရည်ပြပွဲ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးအစီအစဉ်၊ လူထုလှုပ်ရှားမှု အားကစားလှုပ်ရှားမှု၊ သတင်းအချက်အလက် ပြန်ကြားထုတ်လွှင့်ပေးမှု စသည်တို့ကို ကျင်းပကြကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားနှင့် ပညာပေးလှုပ်ရှားမှုများကို ၁၉၉၃ ခုနှစ်မှစပြီး နှစ်စဉ်မပျက် ကျင်းပကြောင်း၊ ယခုနှစ်အတွက် ဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲကျင်းပခဲ့ပြီး ဆုရရှိသူများကို ယနေ့အခမ်းအနားတွင် ဆုချီးမြှင့်သွားမည် ဖြစ်ကြောင်း။

ယခုကဲ့သို့ နှစ်စဉ်ကျင်းပကြရာတွင် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်တစ်ခုစီကို ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်က နှစ်စဉ်ရွေးချယ် သတ်မှတ်ပေးကြောင်း၊ ယခုနှစ်အတွက် ဆောင်ပုဒ်မှာ **“သဘာဝပတ်ဝန်းကျင် ထာဝစဉ်တည်တံ့ရေး၊ သစ်တောများကို ထိန်းသိမ်းပေး”** “Forest : Nature at Your Service ” ဟု သတ်မှတ်ထားကြောင်း၊ ထို့အပြင် ကုလသမဂ္ဂက ၂၀၁၁ ခုနှစ်ကို အပြည်ပြည်ဆိုင်ရာ သစ်တောများနှစ် (International Year of Forests) အဖြစ် သတ်မှတ်ထားသည့်အတွက် အပြည်ပြည်ဆိုင်ရာသစ်တောများနှစ်ကို အထောက်အကူပြုသည့် အနေဖြင့် ဤဆောင်ပုဒ်ကို သတ်မှတ်ထားခြင်းလည်း ဖြစ်ကြောင်း။

ယခုနှစ်၏ ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ဆောင်ပုဒ်မှာ သစ်တောများပြုန်းတီးပျက်စီးမှုကြောင့် ကမ္ဘာ့ပတ်ဝန်းကျင်အခြေအနေ ယိုယွင်းမှု၊ သစ်တောသစ်ပင်ကို အမှီပြု အသက်မွေးဝမ်းကျောင်းပြုနေကြသော ကမ္ဘာ့လူဦးရေ သန်းပေါင်း ၁၆၀၀ အတွက် စိုးရိမ်ဖွယ်ရာအခြေအနေကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် အာရုံစိုက်လာစေရန်နှင့် ဝိုင်းဝန်းပူးပေါင်း ကာကွယ်သွားကြရန် အထူးလိုအပ်နေပြီဖြစ်ကြောင်း နှိုးဆော်တိုက်တွန်းထားသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

သစ်တောများသည် မိမိတို့လူသားများအတွက် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ အပန်းဖြေနားနေရေး၊ ရေ-မြေ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ရာသီဥတုညီညွတ်မျှတရေး၊ ဇီဝမျိုးစုံထိန်းသိမ်းရေးနှင့် ကြွယ်ဝရေး၊ စားနပ်ရိက္ခာဖူလုံရေး အစရှိသည့် လူမှုစီးပွားဆိုင်ရာကိစ္စရပ်များအတွက် များစွာအရေးပါလှကြောင်း၊ ဤကဲ့သို့ သစ်တောများ၏ ဝန်ဆောင်မှုများသည် မရှိမဖြစ်အရေးပါကြောင်း သဘောပေါက်နားလည်ပြီး မိမိတို့တစ်ဦးချင်းစီ၏ ဆောင်ရွက်မှုများက သစ်တောများအပေါ် ဆိုးကျိုးများမဖြစ်ပေါ်ရလေအောင် သတိပြုရန်လိုကြောင်း၊ လူသားများအတွက် သစ်တောသစ်ပင်များမှ အခမဲ့ ဝန်ဆောင်ပေးနေသော သဘာဝထောက်ပံ့မှုစနစ် ပျောက်ကွယ်ပြီး သက်ရှိလောကရှင်သန်ရပ်တည်နိုင်ရန် မသေချာမရေရာသော အခြေအနေအထိ ရောက်ရှိလာသည့်အတွက် ကမ္ဘာတစ်ဝန်းရှိ သစ်တောသစ်ပင်အားလုံးကို မိမိတို့သက်ဆိုင်ရာနိုင်ငံများအလိုက်၊ ကမ္ဘာ့နိုင်ငံများ အသီးသီးက ဝိုင်းဝန်းပူးပေါင်းပြီး တက်ညီလက်ညီ ထိန်းသိမ်းကာကွယ်သွားကြရန် လိုအပ်နေပြီဖြစ်ကြောင်း။

ယခုအခါ ကုလသမဂ္ဂပတ်ဝန်းကျင် ထိန်းသိမ်းရေးအစီအစဉ်က စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုသည့် အဓိကကဏ္ဍ(၃)ခု စလုံးကို ကျယ်ကျယ်ပြန့်ပြန့်ပေါင်းစပ်ဆောင်ရွက်နိုင်ရန် (Green Economy) ခေါ် သော ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုမရှိသည့် စီးပွားရေးလုပ်ငန်းကို အင်နှင့်အားနှင့်ရင်းနှီးမြှုပ်နှံကြရန် တိုက်တွန်းထားပြီး လိုအပ်သော နည်းပညာ အကူအညီ၊ ပံ့ပိုးမှုများပေးနိုင်ရန် စီစဉ်ဆောင်ရွက်နေပြီ ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ သစ်တောများထိန်းသိမ်းမှုနှင့်ပတ်သက်ပြီး ပြောရမည်ဆိုလျှင် ၁၈၅၆ ခုနှစ်ကတည်းက သစ်တောများကို မြန်မာ့ရွေးချယ်ခုတ်လဲမှုစနစ် (Myanmar Selection System)ဖြင့် နှစ်စဉ်ထွက်ရှိနိုင်သည့် သစ်ပမာဏထက် ပိုမိုထုတ်လုပ်ရန်ဆိုသော သတ်မှတ်ချက်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ သစ်တောသယံဇာတများ ရေရှည်တည်တံ့ရေး၊ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေပြီး အနာဂတ်မျိုးဆက်သစ်များအတွက် သစ်တော သယံဇာတအမွေအနှစ်များ လွှဲပြောင်းပေးနိုင်ရေးအတွက် ရှိရင်းစွဲသဘာဝသစ်တောများ ထိန်းသိမ်းစောင့်ရှောက်ခြင်းအပြင် နိုင်ငံတော်အစိုးရက ကျွန်းစိုက်ခင်း၊ စီးပွားရေးစိုက်ခင်း၊ ကျေးရွာသုံးစိုက်ခင်း၊ စက်မှုကုန်ကြမ်းစိုက်ခင်းနှင့် ရေဝေရေလဲ စိုက်ခင်းများအပါအဝင် သစ်တောစိုက်ခင်းအမျိုးအပြား တည်ထောင်ပေးနိုင်ခဲ့သကဲ့သို့ ပုဂ္ဂလိက သစ်တောစိုက်ခင်းကိုလည်း တည်ထောင်စိုက်ပျိုးစေခဲ့ကြောင်း၊ ထို့ပြင် လူထုလှုပ်ရှားမှု သစ်ပင်စိုက်ပျိုးခြင်းကိုလည်း နှစ်စဉ်ဆောင်ရွက်ခဲ့ကြောင်း၊ ယခုနှစ်တွင် လူထုလှုပ်ရှားမှုဖြင့် စိုက်ပျိုးမည့်အပင်ပေါင်း သန်း ၃၀ အပါအဝင် စုစုပေါင်း သစ်ပင် ၇၈ သန်း စိုက်ပျိုးရန် အစီအမံများချမှတ်ထားပြီး စတင်စိုက်ပျိုးနေပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသ၌လည်း သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်း၊ ထင်းအစား အခြားလောင်စာသုံးစွဲစေခြင်း၊ ရေရရှိရေးဆောင်ရွက်ခြင်းတို့ကို အထူးအလေးပေးဆောင်ရွက်ပေးလျက်ရှိကြောင်း။

မြန်မာနိုင်ငံအနေဖြင့် သစ်တောပြုစုပျိုးထောင်ရေးလုပ်ငန်းများကို ရှေးယခင်အဆက်ဆက်ကတည်းက ဆောင်ရွက်ခဲ့သော်လည်း တစ်ဖက်တွင် တိုးပွားလာသည့်လူဦးရေအား လိုအပ်သောစားနပ်ရိက္ခာဖြည့်ဆည်းပေးရသည့် အတွက် သစ်တောများ လျော့နည်းပြုန်းတီးပြီး သစ်တောမြေများလည်း လျော့နည်းလာခဲ့ရကြောင်း၊ ၁၉၇၅ ခုနှစ် သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံဧရိယာ၏ ၆၁ ရာခိုင်နှုန်း၊ ၁၉၈၉ ခုနှစ်တွင် ၅၉ ရာခိုင်နှုန်း၊ ၁၉၉၈ ခုနှစ်တွင် ၅၂ ရာခိုင်နှုန်း၊ ၂၀၁၀ ခုနှစ်တွင် ၄၇ ရာခိုင်နှုန်းအထိ အသီးသီးကျဆင်းလာခဲ့သည်ကို တွေ့ရှိရကြောင်း။

အလားတူ ပင်လယ်ကမ်းခြေရှိ ဒီရေတောများသည်လည်း ထင်းနှင့်မီးသွေး အလွန်အကျွံထုတ်လုပ်ခြင်း၊ စိုက်ပျိုးမြေ၊ ဆားကွင်း၊ ပုစွန်ကန်များအဖြစ်ပြောင်းလဲခြင်းနှင့် ကျေးရွာများ ထူထောင်ခြင်း စသည်တို့ကြောင့် ပျက်စီးပြုန်းတီးခဲ့ကြရကြောင်း၊ အထူးသဖြင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် ဒီရေတောများ ပျက်စီးပြုန်းတီးနေခြင်းသည် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုကြီးမားခဲ့ခြင်း၏ အခြေခံအကြောင်းရင်း တစ်ရပ်ဖြစ်သည်ဟု သုံးသပ်ထားကြောင်း။

ယခုကဲ့သို့ သစ်တောသယံဇာတအရင်းအမြစ်များ တစ်စတစ်စလျော့နည်းကုန်ဆုံးလာသည်နှင့်အမျှ ယင်းဒေသနေ ပြည်သူများ၏အစားအစာဖူလုံမှုနှင့် အသက်မွေးဝမ်းကျောင်းမှုများကို ထိပါးစေပြီး ဆင်းရဲနွမ်းပါးမှုများ ပိုမိုဖြစ်ပေါ်လာစေကြောင်း၊ ယင်းသည် ဆင်းရဲမွဲတေမှုနှင့် သဘာဝပတ်ဝန်းကျင်တို့ တိုက်ရိုက်ဆက်စပ်နေမှု၏ ဥပမာတစ်ခုဖြစ်ကြောင်း။

ထို့ကြောင့် သစ်တောများအပါအဝင် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရာတွင် ပြည်သူများ၏ သဘာဝပတ်ဝန်းကျင်အပေါ် အဆင်အခြင်မဲ့ အလွန်အကျွံမှီခိုအားထားထုတ်ယူသုံးစွဲမှုများ လျော့နည်းသွားစေရန်အတွက် နည်းလမ်းပေါင်းစုံဖြင့် ပညာပေးတိုက်ဖျက်သွားမည်ဖြစ်ကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပြည်ထောင်စုလွှတ်တော် ပထမအကြိမ် ပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတကြီးက “ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆောင်ရွက်ကြရာမှာ သစ်တောသစ်ပင် ထိန်းသိမ်းရေးကို အလေးထားမှာဖြစ်သလို **လေထုညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှုလျှော့ချရေး၊ စက်ရုံသုံးစွန့်ပစ်ပစ္စည်းများ ထိန်းသိမ်းကြပ်မတ်ရေး၊ သဘာဝသားငှက်တိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောင်ရေးစတဲ့ လုပ်ငန်းများကို ဘက်စုံထောင့်စုံက ဆောင်ရွက်သွားမှာဖြစ်တဲ့အကြောင်း၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနဲ့အတူ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလိုအပ်ချက်ကို ဟန်ချက်ညီညီနဲ့ ထိန်းညှိဆောင်ရွက်ပေးမယ့်မူဝါဒတစ်ရပ်ကို ချမှတ်သွားရမှာ ဖြစ်ကြောင်း”** ထည့်သွင်းမိန့်ကြားသွားခဲ့ကြောင်း။

နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မိန့်ကြားချက်နှင့်အညီ ဘက်စုံထောင့်စုံမှ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းတာဝန်များ သတ်မှတ်ပေးထားပြီးလည်း ဖြစ်ကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် **“နိုင်ငံတော်သည် သဘာဝပတ်ဝန်းကျင်ကို ကာကွယ် စောင့်ရှောက်ရမည်”** ဟု ပြဋ္ဌာန်းထားသကဲ့သို့ နိုင်ငံသား၏ မူလအခွင့်အရေးနှင့်တာဝန်များ ခေါင်းစဉ်အောက်က **“နိုင်ငံသားတိုင်းသည် သဘာဝပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်ခြင်းကိစ္စရပ်များတွင် နိုင်ငံတော်အား ကူညီရန်တာဝန်ရှိသည်”** ဟု သတ်မှတ်ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း။

မိမိတို့ တိုင်းရင်းသားလူမျိုးအသီးသီးသည် မူလကပင် သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးသူများ ဖြစ်ကြသည့် အားလျော်စွာ အနာဂတ်မျိုးဆက်များအတွက် သဘာဝပတ်ဝန်းကျင် အခြေအနေကောင်းများ လက်ဆင့်ကမ်းပေးနိုင်ရန် နိုင်ငံတော်အစိုးရသာမက စေတနာထက်သန်သော ပုဂ္ဂိုလ်တစ်ဦးချင်းအနေဖြင့် လည်းကောင်း၊ အသင်းအဖွဲ့အနေဖြင့်သော်လည်းကောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ၌ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် လိုအပ်နေပြီဖြစ်ကြောင်း၊ ပြည်သူများ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိအမြင်ရှင်သန်ပြီး ပူးပေါင်း ပါဝင်ဆောင်ရွက်လာမှုများကို နိုင်ငံတော်အနေဖြင့် လိုက်လှဲစွာ ချီးကျူးဂုဏ်ပြုကြိုဆိုနေမည်ဖြစ်ကြောင်း။

ယခုနှစ် ဆောင်ပုဒ်ဖြစ်သော **“သဘာဝပတ်ဝန်းကျင် ထာဝစဉ်တည်တံ့ရေး၊ သစ်တောများကို ထိန်းသိမ်းပေး”** နှင့်အညီ သဘာဝပတ်ဝန်းကျင် ထာဝစဉ်တည်တံ့နေရေးအတွက် အခြေခံအကြောင်းရင်း တစ်ခုဖြစ်သော သစ်တောသစ်ပင်များ ရေရှည်တည်တံ့စေရန် တက်ကြွစွာ အကောင်အထည်ဖော် ထိန်းသိမ်းပေးသွားကြရန်နှင့် နှစ်ရှည်လများစွာ ကြိုးပမ်းဆောင်ရွက်လာခဲ့သော မြန်မာနိုင်ငံ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းသွားကြပါစို့ဟု တိုက်တွန်းပန်ကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် အကြီးတန်းဒုတိယဌာနေကိုယ်စားလှယ် Mr. Akbar Usmani က ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း၏ ၂၀၁၁ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂ ပတ်ဝန်းကျင် အစီအစဉ် အမှုဆောင်ညွှန်ကြားရေးမှူး Mr. Achim Steiner ၏ သဝဏ်လွှာဖတ်ကြားမှု ဗီဒီယိုကို ပြသသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ၂၀၁၁ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရ သိမ့်(စီးပွားရေးတက္ကသိုလ်)၊ ဒုတိယဆုရ မြတ်ဝေတိုး (ပညာရေးတက္ကသိုလ်)၊တတိယဆုရ Br.မင်းစိုးသူရ၊ အထူးဆုများရရှိကြသည့် ဒေါက်တာဆန်းဝင်း၊ ဖိုးရာဇာ(သာစည်)နှင့် ဇင်ခန့်နိုင်တို့အား ဆုများချီးမြှင့်သည်။

ဆက်လက်၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက အလွတ်တန်းစာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ မနန်းသစ္စာ၊ ဒုတိယဆုရ ဦးဝင်းသိန်း(ကျောင်းဆရာကိုကိုဝင်း)နှင့် တတိယဆုရ စိုးမင်းသူတို့အား ဆုများချီးမြှင့်ပြီး ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် အကြီးတန်းဒုတိယဌာနေကိုယ်စားလှယ် Mr. Akbar Usmani က အလွတ်တန်းစာစီစာကုံးပြိုင်ပွဲတွင် အထူးဆုများရရှိကြသည့် ဦးအောင်သူ၊ မထက်ထက်အောင်နှင့် မောင်အားမာန်ထက်တို့အား ဆုများချီးမြှင့်သည်။

ယင်းနောက် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဗီဒီယိုမှတ်တမ်းကို ပြသပြီး အခမ်းအနားကို ရုပ်သိမ်း လိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတသည် တက်ရောက်လာကြသူများ၊ ဆုရရှိကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ၂၀၁၁ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

(သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၅-၆-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၂၇၀၀	၀. ၀၃၃၀၄
တရုတ် (ယွမ်)	၆. ၄၇၉၅၀	၀. ၁၅၄၃၃
အိန္ဒိယ (ရူပီး)	၄၄. ၈၂၀၀	၀. ၀၂၂၃၁
မလေးရှား (ရင်းဂစ်)	၃. ၀၀၈၀၀	၀. ၃၃၂၄၅
စင်ကာပူ (ဒေါ်လာ)	၁. ၂၂၉၅၀	၀. ၈၁၃၃၄
ဂျပန် (ယန်း)	၈၀. ၃၂၀၀	၀. ၀၁၂၄၅
တောင်ကိုရီးယား(ဝမ်)	၁၀၇၇. ၀၉	၀. ၀၀၀၉၃
ယူရို	၀. ၆၈၃၃၄	၁. ၄၆၃၄၀
ဗြိတိသျှ (ပေါင်)	၀. ၆၀၈၇၅	၁. ၆၄၂၇၀

အင်တာနက်။

အငြိမ်းစားပိုလ်မှူးကြီး ပီဟင်အိုရန် ကာယာဆီရီဖလမ်ဝမ်ဒါတို ပါဒူကာ ဟာဂျီ အဗ္ဗဒူရာမာနီဘင်ဒါတိုပါဒူကာ ဟာဂျီဘာရှီယာအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီ

နေပြည်တော် ဇွန် ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ဘရူနိုင်းဒါရုဆလမ်နိုင်ငံ သံအမတ်ကြီး ပန်ဂီရန် ဒါတို ပါဒူကာ ဟာဂျီ ဟာမစ် ဘင်ပန်ဂီရန် ဟာဂျီ မိုဟာမက် ယာဆင်၏နေရာတွင် အငြိမ်းစား ဗိုလ်မှူးကြီး ပီဟင်အိုရန် ကာယာဆီရီဖလမ်ဝမ်ဒါတို ပါဒူကာ ဟာဂျီ အဗ္ဗဒူရာမာနီဘင်ဒါတိုပါဒူကာ ဟာဂျီဘာရှီယာအား ခန့်အပ်ရန် အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

အငြိမ်းစား ဗိုလ်မှူးကြီး ပီဟင်အိုရန် ကာယာဆီရီဖလမ်ဝမ်ဒါတို ပါဒူကာ ဟာဂျီ အဗ္ဗဒူရာမာနီဘင် ဒါတို ပါဒူကာ ဟာဂျီဘာရှီယာကို ၁၉၅၄ ခုနှစ် ဇူလိုင် ၂၈ ရက်တွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံတွင် မွေးဖွားခဲ့သည်။

၎င်းသည် ၁၉၇၅ခုနှစ်မှ စတင်၍ တော်ဝင်ဘရူနိုင်း-မလေးတပ်ဖွဲ့သို့ စတင်ဝင်ရောက်ခဲ့ပြီး ၁၉၈၉ ခုနှစ်မှ ၁၉၉၀ ခုနှစ်အထိ ဘရူနိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနတွင် လည်းကောင်း၊ ၁၉၉၃ ခုနှစ်တွင် ဘရူနိုင်းတော်ဝင် တပ်မတော်တွင် လည်းကောင်း၊ ၁၉၉၉ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ ဘရူနိုင်းတော်ဝင် တပ်မတော် (ကြည်း)တွင် လည်းကောင်း ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် တပ်မတော်မှ အငြိမ်းစား ယူခဲ့သည်။

အငြိမ်းစား ဗိုလ်မှူးကြီး ပီဟင်အိုရန် ကာယာဆီရီဖလမ်ဝမ်ဒါတို ပါဒူကာ ဟာဂျီ အဗ္ဗဒူရာမာနီဘင် ဒါတိုပါဒူကာ ဟာဂျီဘာရှီယာသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားသုံးဦးနှင့် သမီးနှစ်ဦးရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်မှု ကချင်ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၅

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ စည်ပင်သာယာရေးအဖွဲ့မှ မြို့သန့်ရှင်းသာယာလှပရေး၊ မိုးရာသီရေစီးရေလာကောင်းမွန်စေရေး၊ မြို့တွင်းကားလမ်းများ ရေတင်ပျက်စီးမှု မရှိစေရေးအတွက် မြစ်ကြီးနားမြို့ ခရေပင်လမ်းဘေးဝဲ/ယာ တစ်လျှောက် စက်ယန္တရားများဖြင့် ရေနုတ်မြောင်း တူးဖော်နေမှုနှင့် သခင်နက်ဖေလမ်းနှင့် ဝန်းသိုကျောင်းလမ်း၊ ခရေပင်လမ်း၊ ကုန်တိုက်လမ်းထောင့်နေရာများ၌ အုတ်ခုံခံကွန်ကရစ်တံတား ဆောင်ရွက်နေမှုတို့ကို ဇွန် ၂ ရက် ညနေ ၃နာရီတွင် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းသည် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးနှင့်အတူ လိုက်လံကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြို့သစ်မြို့နယ်၌ ပလက်ဖောင်းစင်္ကြံပြုလုပ်ခြင်းလုပ်ငန်းဆောင်ရွက်

မြို့သစ် ဇွန် ၅

မြို့သစ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းလုပ်ငန်းဖြစ်သည့် အထကကျောင်းရှေ့နှင့် ဆေးရုံရှေ့ ပလက်ဖောင်း စင်္ကြံပြုလုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုးနှင့် အမှုဆောင်အရာရှိ ဦးနေမန်းတို့က အနီးကပ်ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

နှစ် ၉၀ ကြာ ပြုစုခဲ့ရသော ရှေးခေတ် ဘာသာစကားအဘိဓာန် ပညာရှင်များ အပြီးသတ်

ချီကာဂို ဇွန် ၅

အမေရိကန်ပြည်ထောင်စု ချီကာဂိုတက္ကသိုလ် အရှေ့တိုင်းပညာဌာနသည် နှစ်ပေါင်း ၉၀ ကြာ လက်ဆင့်ကမ်းပြုစုခဲ့သော ရှေးခေတ် အဆီးရီးယန်းအဘိဓာန်ကို အဆုံးသတ်နိုင်ခဲ့ပြီဖြစ်ကြောင်း နိုင်ငံတကာသတင်းဌာနများက ဇွန် ၅ ရက်တွင် သတင်းထုတ်ပြန်သည်။

အီရတ်၊ အီရန်၊ ဆီးရီးယားနှင့် တူရကီနိုင်ငံတို့မှ ရှာဖွေတွေ့ရှိခဲ့သော ရှေးခေတ်အုတ်ချပ်စာများနှင့် ကျောက်စာများ၌ မှတ်တမ်းတင်ထားသော အကာဒီးယန်း (Akkadian) ဘာသာစကား ဝေါဟာရများကိုအခြေခံ၍ ရှေးခေတ် အဆီးရီးယန်းအဘိဓာန်အား ၁၉၂၁ ခုနှစ်တွင် ချီကာဂိုတက္ကသိုလ်က စတင်ပြုစုခဲ့သည်။

အကာဒီးယန်းဘာသာစကားသည် လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်က မက်ဆိုပိုတေးမီးယားဒေသ၌ သုံးစွဲခဲ့ကြသည့် ဆီးမိုက်တစ် (Simitic) ဘာသာစကားဖြစ်ကြောင်း သိရသည်။

ရှေးခေတ် အဆီးရီးယန်းအဘိဓာန်၌ ဝေါဟာရ ၂၈၀၀၀ ကို အဓိပ္ပာယ်ဖွင့်ဆိုထားပြီး စာမျက်နှာပေါင်း ၁၀၀၀၀ ခန့်ရှိ၍ အတွဲ ၂၇တွဲ ပါဝင်သည်။ သို့ရာတွင် ယင်းအဘိဓာန်သည် ဝေါဟာရများကို အနက်ဖွင့်ပြသည့် အဘိဓာန်အမျိုးအစားနှင့် မတူဘဲ စွယ်စုံကျမ်းနှင့်တူကြောင်း ဆိုကြသည်။

အဘိဓာန်ပြုစုရေးအဖွဲ့တွင် နိုင်ငံတကာမှ ပညာရှင်များ ပါဝင်ခဲ့ပြီး မျိုးဆက်တစ်ဆက်မှတစ်ဆက် တာဝန်ကို လက်ဆင့်ကမ်းကာ ခဲခဲယဉ်းယဉ်းပြုစုခဲ့ရသည်။

သို့ရာတွင် ကမ္ဘာပေါ်၌ အေဒီ-၁၀၀ ဝန်းကျင်ခန့်က နောက်ဆုံးသုံးစွဲခဲ့သော ဘာသာစကားအတွက် အဘိဓာန်စာအုပ် လိုအပ်မှုရှိမရှိဟူသောမေးခွန်းများ ရှေးခေတ်အဆီးရီးယန်းအဘိဓာန်နှင့်ပတ်သက်၍ ပေါ်ထွက်လာခဲ့သည်။

မက်ဆိုပိုတေးမီးယားဒေသ၌ အရင်းခံခဲ့သော ကမ္ဘာ့ပထမဆုံးမြို့ပြယဉ်ကျေးမှုကို နားလည်သိရှိနိုင်ရန် ရှေးခေတ် အဆီးရီးယန်းအဘိဓာန်က မိမိတို့အား အထောက်အကူပြုနိုင်ကြောင်း ချီကာဂိုတက္ကသိုလ် အရှေ့တိုင်းပညာဌာန ညွှန်ကြားရေးမှူးက တုံ့ပြန်ပြောကြားခဲ့သည်။ **အင်တာနက်။**

ရုရှားနိုင်ငံ၏ နျူကလီးယားဗုံးကျည်များကို ရုရှားတပ်ဖွဲ့ဝင်များနှင့်အတူ တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အမေရိကန်နှင့် ချုပ်ဆိုထားသော စာချုပ်သစ်အရ ရုရှားက နျူကလီးယားလက်နက်လျှော့ချ

ဝါရှင်တန် ဇွန် ၅

ရုရှားနိုင်ငံသည် အမေရိကန်နိုင်ငံနှင့် လွန်ခဲ့သည့်နှစ်က လက်မှတ်ရေးထိုးခဲ့သော လက်နက်ထိန်းချုပ်ရေး စာချုပ်တစ်ရပ်ပါ သတ်မှတ်ချက်အတိုင်း နျူကလီးယားလက်နက်အင်အားကို လျှော့ချပေးခဲ့ကြောင်း အမေရိကန်နိုင်ငံခြားရေးဌာနက ဇွန် ၁ ရက်တွင် ကြေညာချက်ထုတ်ပြန်ကြောင်း ဇွန် ၄ ရက်သတင်းတွင် ဖော်ပြသည်။

ရုရှားနိုင်ငံတွင် ယခုအခါ မဟာဗျူဟာမြောက် နျူကလီးယားဒုံးပျံထိပ်ဖူး ၁၅၃၇ လုံးကို ဖြန့်ကြက်ထားလျက်ရှိသည်။ မဟာဗျူဟာမြောက်လက်နက်ကြီးများ လျှော့ချရေးစာချုပ်သစ်အရ ၂၀၁၈ခုနှစ်ထက် နောက်မကျဘဲ နျူကလီးယားထိပ်ဖူး အရေအတွက် ၁၅၅၀ အထိ လျှော့ချပေးရန် ဖော်ပြထားသည်။ အမေရိကန်နိုင်ငံတွင်မူ မဟာဗျူဟာမြောက် နျူကလီးယားထိပ်ဖူး ၁၈၀၀ ရှိသည်။

အဆိုပါစာချုပ်သစ်သည် မတ် ၂၂ရက်တွင် စတင်အာဏာသက်ဝင်လာခဲ့သည်။ စာချုပ်ပါ စည်းမျဉ်းသတ်မှတ်ချက်အရ တစ်နိုင်ငံလျှင် နျူကလီးယားထိပ်ဖူးအလုံးပေါင်း ၁၅၅၀ ထက်ကျော်လွန်ကာ ပိုင်ဆိုင်ခွင့်မရှိဟု ဆိုသည်။

စာချုပ်သစ်အရ တိုက်ချင်းပစ်ဒုံးကျည်လောင်ချာများ၊ ရေငုပ်သင်္ဘောမှ ပစ်ခတ်နိုင်သောဒုံးကျည်များနှင့် အကြီးစား ဗုံးများကိုပါ လျှော့ချကြရန်ဖြစ်သည်ဟု ကြေညာချက်တွင် ပါရှိသည်။

အင်တာနက်။

စက္ကန့်ပိုင်းသာခြားပြီးမွေးဖွားသည့် အမြွှာညီအစ်ကို အသက် (၉၂)နှစ်အရွယ်၌ တစ်ရက်တည်းသေဆုံး

ဘတ်ဖလိုး ဇွန် ၅

လွန်ခဲ့သော (၉၂)နှစ်က တစ်ဦးနှင့်တစ်ဦး စက္ကန့်ပိုင်းမျှခြား၍ မွေးဖွားလာခဲ့ကြသော အမေရိကန်နိုင်ငံသား အမြွှာညီနောင်နှစ်ဦးသည် ဇွန် ၂ ရက်က တစ်ရက်တည်းမှာပင် ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်ခဲ့ကြကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ဂျူလီယန်နှင့် အက်ဒရီယန်အမည်ရှိပြီး အသက်(၉၂)နှစ်အရွယ်ရှိကြသော အမြွှာညီအစ်ကိုသည် ၁၉၁၉ ခုနှစ် မတ် ၂၇ ရက်တွင် မွေးဖွားခဲ့သူများဖြစ်ပြီး ရိုမန်ကက်သလစ်ခရစ်ယာန်သာသနာ၌ သာသနာ့ဝန်ထမ်းများအဖြစ် နှစ်ပေါင်း ၆၅ နှစ်ကြာမျှ ၎င်းတို့၏ ဘဝများကို မြှုပ်နှံခဲ့ကြသည်။

၎င်းအမြွှာညီအစ်ကိုသည် အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ် စိန့်ပီတာစဘတ်မြို့ရှိ စိန့်အန်သိုနီဆေးရုံ၌ ဘရာသာဂျူလီယန်က နံနက်ပိုင်းတွင် ကွယ်လွန်၍ ဘရာသာအက်ဒရီယန်က ညနေပိုင်း၌ ကွယ်လွန်ခဲ့ကြ သည်။

၎င်းတို့နှစ်ဦး မည်သူကအကြီး၊ မည်သူကအငယ်ဆိုသည်ကို ဘရာသာဂျူလီယန်နှင့် ဘရာသာအက်ဒရီယန် နှစ်ဦးစလုံးက ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိပေ။

ခရစ်ယာန် ဘုန်းတော်ကြီးများဖြစ်ကြသည့် အမြွှာညီအစ်ကိုနှစ်ဦးတို့၏ ဈာပနအခမ်းအနားကို စိန့်ပီတာစဘတ်မြို့ရှိ စိန်မေရီဘုရားကျောင်း၌ ဇွန် ၆ ရက်တွင်ကျင်းပ၍ ရုပ်အလောင်းများကို ၎င်းတို့၏ဇာတိဖြစ်သည့် နယူးယောက်ပြည်နယ် ဘတ်ဖလိုးမြို့သို့ပို့ဆောင်ကာ ဇွန် ၈ ရက်တွင် မြှုပ်နှံသင်္ဂြိုဟ်မည်ဖြစ်သည်။

အင်တာနက်။

ချီလီတောင်ပိုင်း၌ မီးတောင်ပေါက်ကွဲ

စန်တီယာဂို(ချီလီ) ဇွန် ၅

ချီလီနိုင်ငံတောင်ပိုင်း ကော်လီကော်ဒွန်ဒေသရှိ မီးတောင်များစွာအနက်မှ တစ်ခုသည် စနေနေ့က ပြင်းထန်စွာ ပေါက်ကွဲခဲ့ရာ မီးခိုးများနှင့် ပြာမှုန်များ ကောင်းကင်သို့ အလိပ်လိုက်အလိပ်လိုက် ထိုးတက်လာကြောင်း၊ ယင်းအနီးတွင် နေထိုင်သူလူဦးရေ ၃၅၀၀ ကျော်ကို နေရာရွှေ့ပြောင်းပေးရကြောင်း အေပီသတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။

အဆိုပါမီးတောင်ပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသည့်သတင်းများကို လက်ခံရရှိခြင်းမရှိဟုဆိုသည်။

အာဏာပိုင်များက ပူရေဟူးမီးတောင်မှဖြစ်ကြောင်း ကနဦးကြေညာခဲ့သော်လည်း နောက်ပိုင်းတွင် အဆိုပါ ပေါက်ကွဲသောနေရာသည် ယင်းတောင်ထိပ်မှ နှစ်မိုင်ခွဲခန့်ဝေးသည်ဟု ပြောကြားသည်။

တောင်တန်းပေါ်မှတက်လာသော မီးခိုးငွေ့များသည် ခြောက်မိုင်အထိမြင့်တက်၍ သုံးမိုင်ခန့်ကျယ်ပြန့်ကြောင်း ချီလီအမျိုးသားဘူမိဗေဒနှင့် သတ္တုတွင်းလုပ်ငန်းက ထုတ်ဖော်ကြေညာသည်။

မြေငလျင်လှုပ်မည့်လက္ခဏာများ တွေ့ရှိသဖြင့် အာဏာပိုင်များက စနေနေ့နံနက်ပိုင်းတွင် အဆိုပါဒေသ၌ နေထိုင်သူများကို သတိပေးချက်ထုတ်ပြန်ခဲ့ပြီး ယင်းနေ့ညနေပိုင်းတွင် ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

အမျိုးသားအရေးပေါ်ရုံးက ၎င်းတို့၏ မှတ်တမ်းတွင် တစ်နာရီလျှင် ပျမ်းမျှအကြိမ် ၂၃၀ ငလျင်လှုပ်ခဲ့သည်ဟု မှတ်သားထားကြောင်း ပြောကြားသည်။

တိုက်ခတ်နေသောလေက ပြာမှုန်များကို အန်ဒီး(စ်) တောင်တန်းကြီးများအားကျော်ဖြတ်၍ အာဂျင်တီးနားနိုင်ငံ ကမ္ဘာလှည့်ခရီးသည်များ အပန်းဖြေရာ စန်ကားလို့(စ်) ဒီဘာရီလိုချီမြို့သို့တိုင်အောင် သယ်ဆောင်သွားသဖြင့် ယင်းမြို့လေဆိပ်ကို ပိတ်ထားရသည်ဟု အေပီကဖော်ပြသည်။

အေပီ။

မီးတောင်ပေါက်ကွဲမှုကြောင့် မီးခိုးနှင့် ပြာမှုန်များ ကောင်းကင်၌ လွင့်မျောနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အယ်လ်ဂျီးယား မြို့တွင်း တစ်နေရာ၌ ကားများ ပိတ်ဆို့နေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အယ်လ်ဂျီးရီးယားတွင် ကားသူခိုးများကို နှိမ်နင်း

အယ်လ်ဂျီးယား ဇွန် ၅

အယ်လ်ဂျီးရီးယားအာဏာပိုင်များက ၁၆လကြာ စုံစမ်းစစ်ဆေးပြီးနောက် လူရှစ်ဦးကို ဥရောပနိုင်ငံများမှ ကားခိုးယူခဲ့ကြသည်ဟုစွပ်စွဲ၍ ဖမ်းဆီးလိုက်ကြောင်း ပြည်တွင်းသတင်းစာတစ်စောင်က တနင်္ဂနွေနေ့တွင် ဖော်ပြသည်။

မာစီဒီး၊ ဘီအမ်ဒဗလျူ၊ ဗွီဒဗလျူဂေါ့ဖ်နှင့် အော်ဒီကားအမျိုးအစားများအပါအဝင် အစီးရေ ၄၀ ကို အာဏာပိုင်များက နိုင်ငံတွင်း နယ်အသီးသီးမှ သိမ်းဆည်းခဲ့ကြောင်း အယ်လ်ဂျီးရီးယားလုံခြုံရေးအရာရှိများပြောကြားချက်ကို ကိုးကား၍ လေဘာတီသတင်းစာက ဖော်ပြသည်။

နိုင်ငံတကာရဲတပ်ဖွဲ့(အင်တာပိုလ်)၏ အကူအညီဖြင့် ဆောင်ရွက်ခဲ့သည့် ယင်းစစ်ဆင်ရေးတွင် ကားမောင်းလိုင်စင်အတု ၂၃၈ စောင်ကိုလည်း ဖမ်းမိခဲ့သည်ဟုဆိုသည်။

ကားမှောင်ခိုရောင်းဝယ်သူများဟု မသင်္ကာသူ ရှစ်ဦးကို အယ်လ်ဂျီးယားမြို့မှ ၃၉၈ မိုင်ဝေးသည့် မက်လီလီတွင် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်ဟု လေဘာတီက ဖော်ပြသည်။

ဖမ်းဆီးခံထားရသူများသည် ပြင်သစ်နှင့် ဆွစ်ဇာလန်နိုင်ငံတို့မှကားများကိုခိုးယူ၍ အယ်လ်ဂျီးရီးယားနှင့် တူနီးရှားနယ်စပ်ကိုဖြတ်ကျော်သယ်ဆောင်လာခြင်းဖြစ်သည်ဟု ဖော်ပြသည်။

အေအက်ဖ်ပီ။

နိုင်ငံတကာမူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်း မအောင်မြင်

နယူးယောက် ဇွန် ၅

မူးယစ်ဆေးဝါးမူဝါဒဆိုင်ရာ နိုင်ငံတကာမူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းသည် အောင်မြင်မှုမရရှိကြောင်း နိုင်ငံတကာကော်မရှင်တစ်ဖွဲ့ကထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြသည်။

နိုင်ငံတကာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်း မအောင်မြင်သဖြင့် ကမ္ဘာ့နိုင်ငံများအနေဖြင့် မူးယစ်ဆေးဝါးဆိုင်ရာ မူဝါဒများကို ပြန်လည်သုံးသပ်ရန် နိုင်ငံတကာကော်မရှင်က တိုက်တွန်းထားကြောင်း၊ အဆိုပါ ကော်မရှင်တွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်၊ လက်ရှိတာဝန်ထမ်းဆောင်နေဆဲ နိုင်ငံ့အကြီးအကဲများနှင့် နိုင်ငံ့အကြီးအကဲဟောင်းများ ပါဝင်ကြောင်း အစီရင်ခံစာတွင် ပါရှိသည်။

မူးယစ်ဆေးဝါးမူဝါဒဆိုင်ရာ နိုင်ငံတကာမူးယစ်ဆေးဝါး တိုက်ဖျက်ရေးကော်မရှင်တွင် အဖွဲ့ဝင်ပေါင်း ၁၉ ဦးပါဝင်ပြီး ၎င်းတို့အနက် ထင်ပေါ်ကျော်ကြားသူများမှာ ဂရိဝန်ကြီးချုပ် ဂျော့ဂျ်ပါပန်ဒရီယို၊ ကိုလံဘီယာသမ္မတဟောင်း ဆီဇာဂါဗီရီယာ၊ ဗြိတိသျှစီးပွားရေးလုပ်ငန်းရှင်ကြီး ရစ်ချတ်ဘရန်ဆန်တို့ ပါဝင်သည်ဟုဆိုသည်။ မူးယစ်ဆေးဝါးဆိုင်ရာ မူဝါဒသစ်များ ချမှတ်နိုင်ရေးအတွက် ကမ္ဘာ့နိုင်ငံများ ဆွေးနွေးညှိနှိုင်းမှုပြုလုပ်သင့်ကြောင်း ကိုလံဘီယာသမ္မတဟောင်း ဆီဇာဂါဗီရီယာက ပြောကြားသည်။

အမေရိကန်နိုင်ငံတွင် မူးယစ်ဆေးဝါးသုံးစွဲသူဦးရေမှာ မျက်မှောက်ကာလတွင် မြင့်မားနေကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ ၁၉၉၈ ခုနှစ်မှ ၂၀၀၈ ခုနှစ် ကာလအတွင်း အမေရိကန်နိုင်ငံ၌ ဘိန်းသုံးစွဲမှု ၃၄ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်လာကြောင်း၊ ယင်းကာလအတွင်း ကိုကင်းသုံးစွဲမှု ၂၇ ရာခိုင်နှုန်းမြင့်တက်လာကြောင်း အစီရင်ခံစာ၌ ပါရှိသည်။

ဆေးခြောက်သုံးစွဲမှုကို ဥပဒေအရခွင့်ပြုပေးရန် သင့်၊ မသင့်ကို အစိုးရအဖွဲ့များက စဉ်းစားသုံးသပ်ရန်၊ မူးယစ်ဆေးဝါးဂိုဏ်းများအား ဖြိုခွင်းနိုင်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်ရန်၊ မူးယစ်ဆေးဝါးသုံးစွဲသူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ပေးရန် အစီရင်ခံစာတွင် ဖော်ပြထားသည်။ **အင်တာနက်။**

အာဖဂန်နစ္စတန်တွင် နေတိုးရဟတ်ယာဉ် ပျက်ကျ နှစ်ဦးသေဆုံး

ကဘူး ဇွန် ၅

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းတွင် တနင်္ဂနွေနေ့က မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)၏ ရဟတ်ယာဉ်တစ်စင်း ပျက်ကျရာ တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးကြောင်း အနောက်အုပ်စုစစ်ဘက်ဆိုင်ရာတာဝန်ရှိသူများက ပြောကြားသည်။

ပါကစ္စတန်နိုင်ငံနယ်စပ်အနီး ခို့(စ်)ပြည်နယ် ဆာဗာရီခရိုင်တွင် အနောက်အုပ်စု၏ ရဟတ်ယာဉ်တစ်စင်းကို ၎င်းတို့ ပစ်ချခဲ့ကြောင်း တာလီဘန်တို့က ကြေညာသည်။ ယင်းသို့ ရဟတ်ယာဉ်ပျက်ကျရခြင်း၏ အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း စစ်ဘက်တာဝန်ရှိသူများက ပြောကြားသည်။ နေတိုး၏ နိုင်ငံတကာလုံခြုံရေးတပ်ဖွဲ့က သေဆုံးသွားသော တပ်ဖွဲ့ဝင်နှစ်ဦး၏ အမည်နှင့် မည်သည့်နိုင်ငံသားဖြစ်ကြောင်းကို ထုတ်ဖော်ပြောဆိုခြင်းမပြုပေ။ **အင်တာနက်။**

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း မိုဘိုင်းဆက်သွယ်မှုကွန်ရက်စနစ် တည်ဆောက်ရေးနှင့် တပ်ဆင်ရေး အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၁၁) ဆင်းပွဲ၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းဘောင်အတွင်းမှ အစိုးရနှင့် ပုဂ္ဂလိကတို့လက်တွဲ မိုဘိုင်းဆက်သွယ်မှုတိုးချဲ့ရေးစီမံကိန်း အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်

ရန်ကုန် ဇွန် ၅

ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ဆက်သွယ်ရေးကဏ္ဍသည် အရေးကြီးသည့်နေရာမှ ပါဝင်သဖြင့် ဤသင်တန်းကို ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်က ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းဘောင်အတွင်းမှ အစိုးရနှင့် ပုဂ္ဂလိကတို့ လက်တွဲ၍ ဤမိုဘိုင်းဆက်သွယ်မှု တိုးချဲ့ရေးစီမံကိန်း အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်းဖြင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းသည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်း၌ ကျင်းပသည့် မိုဘိုင်းဆက်သွယ်မှုကွန်ရက်စနစ် တည်ဆောက်ရေးနှင့် တပ်ဆင်ရေး အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၁၁)ဆင်းပွဲ အခမ်းအနား၌ ပြည်တွင်းကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများအား မှာကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ကျင်းပသည့် GSM မိုဘိုင်းစနစ် တိုးချဲ့တပ်ဆင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်ဩဝါဒါစရိယ ကရင်ပြည်နယ် ဘားအံမြို့ မဲဘောင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဣန္ဒြိယ၏ အန္တိမစျာပန သာဓုကီဠနပူဇာသဘင် ကျင်းပ

နေပြည်တော် ဇွန် ၅

နိုင်ငံတော် ဩဝါဒါစရိယ ကရင်ပြည်နယ် ဘားအံမြို့ မဲဘောင်ကျောင်းတိုက် ဦးစီးပဓာန မဟာနာယက သက်တော်(၁၀၂)နှစ်၊ သိက္ခာတော်(၈၂)ဝါရ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တဣန္ဒြိယ၏ အန္တိမစျာပန သာဓုကီဠနပူဇာသဘင်ကို ၁၃၇၃ ခုနှစ် ကဆုန်လပြည့်ကျော် ၁၅ ရက် ခရစ်သက္ကရာဇ် ဇွန် ၁ ရက် မွန်းလွဲပိုင်းတွင် ဘားအံမြို့ မဲဘောင်ကျောင်းတိုက်အတွင်းရှိ စံကျောင်းတော်၌ ကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ ဇမ်းမော် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသနှင့် သံဃာတော်များ၊သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်၊ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မင်းနှင့် ပြည်နယ်ဝန်ကြီးများ၊ ရပ်ဝေးရပ်နီးပရိသတ်များ တက်ရောက်ကြည်ညိုခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့တော်ဝန် ဦးလှမြင့် ဒဂုံမြို့နယ် တော်လှန်ရေးပန်းခြံ၌ ကျင်းပသည့် ၂၀၁၁ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ခရေပင်ကို စိုက်ပျိုးပေးစဉ်။

(မြို့တော်စည်ပင်)

ဒုတိယဝန်ကြီး ဦးသိန်းအောင် မှန်စက်ရုံ(ပုသိမ်)ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၅

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်သည် ယမန်နေ့ နံနက်ပိုင်းတွင် မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း မှန်စက်ရုံ(ပုသိမ်)စက်ရုံအစည်းအဝေးခန်းမ၌ မှန်စက်ရုံ (ပုသိမ်)မှ စက်ရုံမှူးနှင့် အရာထမ်း၊ အမှုထမ်းများ၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများအားတွေ့ဆုံ၍ လုပ်ငန်းများဆောင်ရွက်ရာတွင် တက်ညီလက်ညီဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် စက်တင်ဘာလတွင် သက်တမ်းကုန်ဆုံးမည့် မှန်စက်ရုံ(ပုသိမ်)၏ မှန်ရည်ကျိုမီးဖို အကြီးစားပြုပြင်ခြင်းလုပ်ငန်း (Cold Repair)ဆောင်ရွက်ရန် ကိစ္စနှင့် စပ်လျဉ်း၍ တင်ပြချက်များအပေါ် အကြီးစားပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် လိုအပ်ချက်များ ပြုစုတင်ပြရန်၊ Cold Repair မပြုလုပ်မီ ကုန်ထုတ်လုပ်မှုကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ရန်၊ Cold Repair ပြီးပါက ယခုထက် အရည်အသွေး ပိုမိုကောင်းမွန်ပြီး အများပြည်သူအကြိုက် မှန်များ ပြင်ဆင်ထုတ်လုပ်နိုင်ရေး ကြိုတင်စီမံဆောင်ရွက်ထားရှိရန်နှင့် မီးဖို သက်တမ်းကာလအတွင်း အန္တရာယ်ကင်းရှင်းစွာဖြင့် သက်တမ်းအပြည့်အဝ အသုံးပြုနိုင်ရေး စီမံဆောင်ရွက်ထားရှိရန် မှာကြားခဲ့သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် စက်ရုံဝင်းအတွင်း မှန်ထုတ်လုပ်နေမှု အဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးကောင်းမွန်ရေး၊ အလေအလွင့် နည်းပါးရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးတို့ကို အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့တော်ဝန် စည်ပင်သာယာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၅

ရန်ကုန်မြို့တော်ဝန်၊ စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်သည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြို့မရပ်ကွက်ရှိ (၁)လမ်းနှင့် (၂)လမ်းတို့၌ ကျင်းပသော သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် အသိပညာပေးဟောပြောနေမှုတို့ကို ကြည့်ရှုစစ်ဆေးအားပေးသည်။

ထို့နောက် မြို့တော်ဝန်သည် ဒဂုံမြို့နယ် တော်လှန်ရေးပန်းခြံ၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနက ကြီးမှူးကျင်းပသည့် ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ခရေပင်များကို အမှတ်တရ စိုက်ပျိုးပေးသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ပန်းဥယျာဉ်နှင့် အားကစား ကွင်းများဌာနသည် ယခုနှစ်မိုးရာသီ ကာလတွင် စည်ပင်သာယာနယ်နိမိတ် အတွင်းရှိ မြို့နယ်များ၌ အရိပ်ရပင်၊ ပန်းအလှပင်၊ ကျွန်းနှင့် ထန်းပင် စုစုပေါင်းသုံးသိန်း စိုက်ပျိုးမည်ဖြစ်သည်။

ယင်းနောက် မြို့တော်ဝန်သည် ကမာရွတ်မြို့နယ် ဘုရင့်နောင်လမ်းဆုံမှ ကမာရွတ်ချောင်းအထိ ဘုရင့်နောင်လမ်း လူသွားစင်္ကြံအား ကွန်ကရစ်အခင်းသစ်များ ခင်းနေမှုနှင့် စွန့်ပစ်အမှိုက်အုတ်ကန် တည်ဆောက်ထားရှိမှု၊ လှိုင်မြို့နယ်၊ အင်းစိန်မြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကင်းမြို့နယ်၊ ဗဟန်းမြို့နယ်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်နှင့် သာကေတမြို့နယ် တို့ရှိ သက်ဆိုင်ရာလမ်းများ၌ ကတ္တရာ ကွန်ကရစ် ထပ်ပိုးလွှာခင်းနေမှုနှင့် ရေနုတ်မြောင်းများ၌ အမှိုက်များရှင်းလင်း ဆယ်ယူနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့သစ်လုပ်ငန်း ပဲခူးတိုင်းဒေသကြီး (အနောက်)တိုင်းဒေသကြီး ရုံးလက်အောက်မှ သစ်ထုတ်ရေးဒေသများရှိ ဆင်ဝန်ထမ်းနှင့် တောဝန်ထမ်းများ၏ သားသမီး ကျောင်းသား၊ ကျောင်းသူ ၂၇၃ ဦးတို့အား ကျောင်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို မေ ၂၆ ရက်က သာယာဝတီ သစ်ထုတ်ရေးဒေသရုံး၌ ကျင်းပရာ မြန်မာ့သစ်လုပ်ငန်း အထွေထွေမန်နေဂျာ(ငြိမ်း) ဦးဝေလင်း ကျောင်းသား၊ ကျောင်းသူများအား ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်။ (ခရိုင်ပြန်/ဆက်)

အထက(၁) ဖန်းမော် အာစရိယပူဇော်ပွဲကျင်းပမည်

ဖန်းမော် ဇွန် ၅

အထက(၁) ဖန်းမော်၏ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၆ ရက်တွင် ကျင်းပမည်ဖြစ်သည်။ အထက(၁) ဖန်းမော်တွင် တာဝန်ထမ်းဆောင်ခဲ့ကြပြီး နိုဝင်ဘာ ၆ ရက်တွင် အသက် (၆၀) ပြည့်ပြီးသော ဆရာ၊ ဆရာမများအား ပူဇော်ကန်တော့ကြမည်ဖြစ်ပါ၍ ပါဝင်ပူဇော်လိုကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဦးသိန်းဝင်း ဖုန်း-၀၉-၆၄၂၂၄၉၈၊ ဦးတင်အောင် ဖုန်း-၀၇၄-၅၀၂၇၇၊ ဦးကျော်ဌေး ဖုန်း-၀၂-၆၂၂၆၁၊ ဦးမေအောင် ဖုန်း-၀၂-၃၅၇၂၄၊ ဒေါ်ရီရီဝေ ဖုန်း-၀၉-၅၀၀၄၃၃၉၊ ဦးလှမျိုးမောင် ဖုန်း-၀၁-၆၆၀၃၀၄နှင့် ဦးဘထွန်း ဖုန်း-၀၇၄-၂၂၄၅၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ ဈေးကြီးများ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်း သရုပ်ပြအခမ်းအနားကို မေ ၂၈ ရက်က ကမ်းနားဈေးကြီးအတွင်း၌ ကျင်းပရာ မီးငြိမ်းသတ်နည်းများကို ကြည့်မြင်တိုင်မြို့နယ် မီးသတ်စခန်းမှူး ဦးသန်းထက်အောင်နှင့်အဖွဲ့ လက်တွေ့သရုပ်ပြစဉ်။ (၅၄၆)

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၆-၆-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၆။	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၁၀	၇။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၂၀	၈။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၃၀	၉။	အတီးပြိုင်ပွဲ
၈း၄၀	၁၀။	International News
၈း၄၅	၁၁။	တေးဂီတအစီအစဉ်
၉း၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	အကပဒေသာ
၄း၂၀	၃။	တေးဂီတအစီအစဉ်
၄း၃၀	၄။	အဆိုပြိုင်ပွဲ
၄း၃၅	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၄း၅၀	၆။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၀	၇။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၅း၁၀	၈။	"မြေဆီစိုခိုက်သစ်ပင်စိုက်ဖို့ လူတိုင်းပါဝင်ဆောင်ရွက်စို့"
၅း၂၀	၉။	မြန်မာစာ မြန်မာစကား
၅း၃၅	၁၀။	မြန်မာတေးသံရှင်ရွေးချယ်ပွဲ
၆း၀၀	၁၁။	ညနေခင်းသတင်း
၆း၁၅	၁၂။	မိုးလေဝသအခြေအနေ
၆း၂၀	၁၃။	ဆိုကြမယ်၊ ပျော်ကြမယ်
၇း၀၀	၁၄။	**နိုင်ငံခြားဇာတ်လမ်းတွဲ "မေ့မေတ္တာ" (ဒုတိယတွဲ) (အပိုင်း-၃၇)**
၈း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	ကမ္ဘာကျော်သရုပ်ဆောင်များ
	၁၉။	**နိုင်ငံခြားဇာတ်လမ်းတွဲ "နားခိုရာ" (အပိုင်း-၃)**
	၂၀။	အစီအစဉ်ပြီး၏။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း ပဲခူးမြို့ ဥသာမြို့သစ်ရှိ အင်းလေးဖိနပ်စက်ရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် စက်ရုံများစစ်ဆေး

ရန်ကုန် ဇွန် ၅

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းသည် ဇွန် ၃ ရက် မွန်းလွဲပိုင်းတွင် ပဲခူးမြို့ ဥသာမြို့သစ်ရှိ အင်းလေးဖိနပ်စက်ရုံနှင့် မြန်စတားအထည်ချုပ်စက်ရုံတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး စက်ရုံလုံခြုံရေးနှင့်ဝန်ထမ်းများ လုံခြုံရေးအထူးဂရုပြုရန်၊ မီးအန္တရာယ်ကြိုတင်ကာကွယ် ဆောင်ရွက်ရန်၊ အလုပ်သမားများ ကျန်းမာရေးနှင့် သက်သာချောင်ချိရေးတို့ကို ကြိုးပမ်းဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် (၁၄)ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲ ကြည့်ရှုအားပေး

နေပြည်တော် ဇွန် ၅

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးခင်ဇော်သည် ယနေ့နံနက်ပိုင်းတွင် ထားဝယ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသော တနင်္သာရီတိုင်းဒေသကြီး အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် (၁၄)ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲသို့ သွားရောက်ကြည့်ရှု အားပေးသည်။

အဆိုပါပြိုင်ပွဲတွင် ပန်းချီပြိုင်ပွဲ၌ ၆၃ ဦး၊ ကာတွန်းပြိုင်ပွဲ၌ ၃၆ ဦး၊ ပိုစတာပြိုင်ပွဲ၌ ၄၃ ဦး၊ ကွန်ပျူတာ ပန်းချီပြိုင်ပွဲ၌ ၁၁ ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၁၅၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ထို့အပြင် အဆိုပါပြိုင်ပွဲများကို တနင်္သာရီတိုင်းဒေသကြီးအတွင်း၌ ခရိုင်အလိုက် တစ်ရက်တည်း၊ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ကျင်းပခဲ့ရာ မြိတ်ခရိုင်၌ ၆၄ ဦး၊ ကော့သောင်းခရိုင်၌ ၂၄ ဦး ယှဉ်ပြိုင်ကြသည်။

ထိုမှတစ်ဆင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ၂၀၁၁ ခုနှစ် ကျောင်းဖွင့်ရာသီအမီ ပြင်ဆင်ပေးခဲ့သော ကျွန်းမွေးအခြေခံပညာမူလတန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျောင်းဝင်းအတွင်း ဟင်းသီးဟင်းရွက်ပင်များ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုအားပေးကြသည်။

ပြင်ဆင်ပေး

ကျွန်းမွေးအခြေခံပညာမူလတန်းကျောင်းကို အလျားပေ ၁၁၀၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေရှိ တိုင်ထောင်၊ အုပ်ညှပ်၊ သွပ်မိုး၊ ကွန်ကရစ်ခင်းကျောင်းဆောင်အဖြစ် ငွေကျပ် ၉၆ သိန်း အကုန်အကျခံ ပြင်ဆင်ပေးခဲ့ခြင်းဖြစ်ပြီး ဆရာ၊ ဆရာမ ခြောက်ဦးဖြင့် ကျောင်းသား၊ ကျောင်းသူ ၁၇၈ ဦးတို့အား ပညာသင်ကြားပေးလျက်ရှိကြောင်းသိရှိရသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တလိုင်းတောင်ကျေးရွာ(မူလွန်)ကျောင်း၏ ကျောင်းဖွင့်အမီ ပြင်ဆင်ပြီးစီးမှုကို သွားရောက်စစ်ဆေးကြသည်။ အလျားပေ ၆၀၊ အနံပေ ၃၀၊ အမြင့် ၁၂ပေရှိ တိုင်ထောင်၊ အုပ်ညှပ်၊ သွပ်မိုး ကွန်ကရစ်ခင်းတစ်ထပ်ကျောင်းဆောင်အဖြစ် ငွေကျပ်သိန်း ၉၀ အကုန်အကျခံ ပြုပြင်ဆောက်လုပ်ပေးခဲ့ခြင်းဖြစ်ပြီး ဆရာ၊ ဆရာမ ကိုးဦးဖြင့် ကျောင်းသား၊ ကျောင်းသူ ၁၇၉ ဦးတို့အား ပညာသင်ကြားပေးလျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဒေါက်တာ အာမတ်ဖိုင်ဆဲလ်ဘင်မိုဟာမက်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီ

နေပြည်တော် ဇွန် ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော မလေးရှားနိုင်ငံ သံအမတ်ကြီး ဒါတိုမက်ဇ်လမ် မိုဟာမက်၏ နေရာတွင် ဒေါက်တာ အာမတ်ဖိုင်ဆဲလ်ဘင်မိုဟာမက်အား ခန့်အပ်ရန် အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရက သဘောတူပြီးဖြစ်သည်။

ဒေါက်တာ အာမတ်ဖိုင်ဆဲလ်ဘင်မိုဟာမက်ကို ၁၉၇၀ ခုနှစ် မေ ၂၄ ရက်တွင် မလေးရှားနိုင်ငံ ကီလန်တန်မြို့တွင် မွေးဖွားခဲ့သည်။ ၎င်းသည် လန်ဒန်မြို့ရှိ စီးပွားရေးနှင့် နိုင်ငံရေးသိပ္ပံကျောင်းမှ နိုင်ငံတကာဆက်ဆံရေးဘာသာရပ်ဖြင့် ပါရဂူဘွဲ့ရရှိခဲ့သည်။

၎င်းသည် ၁၉၉၄ ခုနှစ်မှ စတင်၍ မလေးရှားနိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး မလေးရှားနိုင်ငံခြားရေးဝန်ကြီးဌာနတွင် လည်းကောင်း၊ ရုရှားနိုင်ငံဆိုင်ရာ မလေးရှားသံရုံးတွင်လည်းကောင်း ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၉ ခုနှစ်မှ ယနေ့အထိ စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ မလေးရှားသံရုံးတွင် ဒုတိယသံရုံးအကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ (သတင်းစဉ်)

မိုးကောင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ငွေးတင့်နှင့် အမှုဆောင်များ မေ ၂၁ ရက်က လွယ်လီယန်ကျေးရွာမှ သုံးမြွှာပူးကလေးမိခင်အား နို့မှုန့်၊ အာဟာရမှုန့်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။ (၄၉၉)

နပိုလီယွန်စာအုပ်ထွက်ရှိ

ရန်ကုန် ဇွန် ၅

သာမန် ဆင်းရဲသားကလေးဘဝမှ ဥရောပတစ်ခွင်လုံးကို တုန်လှုပ်စေခဲ့သော၊ တစ်နေ့ကို ၂ နာရီ ၃ နာရီလောက်သာ အိပ်ပြီး ရန်သူများကို မကြောက်မရွံ့ တိုက်ခိုက်ခဲ့သူဘဝကို ဒေါက်တာ ဦးသန်းထွန်း(ရွှေဘို)က ပြည့်စုံစွာ ရေးသားထားသည့် နပိုလီယွန်စာအုပ်ထွက်ရှိလာသည်။ **(ယာပုံ)**

အဆိုပါစာအုပ်တွင် ပြည်သူတို့၏ဘဝ၊ ပညာရေး၊ ကျန်းမာရေး၊ အမျိုးသမီးရေးရာများကို မြှင့်တင်ပေးခဲ့ခြင်း၊ သမိုင်းဝင် ဥပဒေများကို ပြဋ္ဌာန်းခဲ့ခြင်းနှင့် "နပိုလီယွန်"၏ မွေးဖွားစမှ ဘဝဇာတ်သိမ်းချိန်အထိ ဖော်ပြပါရှိသည်။ ဒေါက်တာ

ဦးသန်းထွန်း(ရွှေဘို)၏ ၄၇ အုပ်မြောက်စာအုပ်ကို မိုးကျော်သူစာပေ ဖုန်း-၃၈၄၂၁၉ မှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ကြောင်း သိရသည်။ (ကြေးမုံ)

ခြင်ဆေးခွေနှင့်ပတ်သက်သည့် သတိပေးချက်

ယခုအခါ မြန်မာနိုင်ငံအတွင်းသို့ ပြည်ပမှနည်းလမ်းမျိုးစုံဖြင့် မှတ်ပုံတင်ခွင့်ပြုထားခြင်းမရှိသော အဆိပ်ရှိပစ္စည်းများဖြင့် ထုတ်လုပ်ထားသည့် ခြင်ဆေးခွေများ ဝင်ရောက်လျက်ရှိပါသည်။ ၎င်းခြင်ဆေးခွေများအား ပြည်သူများသုံးစွဲခြင်းမပြုကြရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက နေ့စဉ်ထုတ် သတင်းစာများတွင် အသိပေးထုတ်ပြန်ကြေညာထားပြီး ဖြစ်ပါသည်။

ဓာတ်ခွဲခန်းတွင် စစ်ဆေးတွေ့ရှိချက်အရ တရုတ်နိုင်ငံမှတင်သွင်းသော ကျင်းထုံခြင်ဆေးခွေတွင် မြန်မာနိုင်ငံ၌ တရားဝင်မှတ်ပုံတင် တင်ပြထားခြင်းမရှိသော Meperfluthrin အမျိုးအစား ဓာတုပစ္စည်းများ ပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ ပါဝင်မှုပမာဏမှာလည်း ကျင်းထုံအပြာရောင်ဘူးတွင် ၀ ဒသမ ၀၆၄၁ ရာခိုင်နှုန်း၊ အနီရောင်ဘူးတွင် ၀ ဒသမ ၁၁၅၉ ရာခိုင်နှုန်း၊ အစိမ်းရောင်ဘူးတွင် ၀ ဒသမ ၁၁၂၉ ရာခိုင်နှုန်းပါဝင်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ ထုတ်ပြန်ထားသော အများဆုံး ပါဝင်ရမည့် ပမာဏ ၀ ဒသမ ၀၄ ရာခိုင်နှုန်းထက် ပိုမိုပါဝင်နေသဖြင့် သုံးစွဲသူများ၏ ကျန်းမာရေးကို များစွာထိခိုက်စေပါသည်။

တရားမဝင်တင်သွင်းလာသော အခြားခြင်ဆေးခွေများကိုလည်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း သီးနှံကာကွယ်ရေးဌာနခွဲ၊ ပိုးသတ်ဆေးဓာတ်ခွဲခန်းတွင် စစ်ဆေးလျက်ရှိပါသည်။ ခြင်ဆေးခွေ တင်သွင်းရောင်းချသူများအနေဖြင့် တင်သွင်းလာသော ခြင်ဆေးခွေတွင် အဆိပ်ရှိပစ္စည်းပါဝင်မှု စစ်ဆေးခြင်းနှင့် မှတ်ပုံတင်ခြင်းကို သီးနှံကာကွယ်ရေးဌာနခွဲသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။ သို့ဖြစ်ပါ၍ တရုတ်နိုင်ငံမှ တင်သွင်းလာသော ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် ကျင်းထုံခြင်ဆေးခွေများကို သုံးစွဲခြင်းမပြုကြရန်နှင့် တင်သွင်း၊ ရောင်းချ၊ ဖြန့်ဖြူးမှုများကို တွေ့ရှိပါက ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းမည်ဖြစ်ပြီး ပိုးသတ်ဆေးဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်မံသတိပေး ကြေညာအပ်ပါသည်။

ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဇွန် ၅

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ကလေးဝမြို့တွင် ၁ ဒသမ ၇၀ လက်မ၊ မိုးကုတ်မြို့တွင် ၁ ဒသမ ၄၉ လက်မ၊ ပြည်မြို့နှင့် လှိုင်ကော်မြို့တို့တွင် ၁ ဒသမ ၄၂ လက်မစီ၊ ပြင်ဦးလွင်မြို့တွင် ၁ ဒသမ ၃၀ လက်မ၊ ဂွမြို့တွင် ၁ ဒသမ ၁၄ လက်မ၊ မအူပင်မြို့နှင့် ရေးမြို့တို့တွင် ၁ ဒသမ ၀၆ လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

မနက်ဖြန်ညနေထိခန့်မှန်းချက်။ ။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့်မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်။ ။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ရဲတပ်ဖွဲ့မိသားစုဝင် သားသမီးများအား ၂၀၁၁-၂၀၁၂ ခုနှစ် ပညာသင်စရိတ် ထောက်ပံ့ငွေပေးအပ်ပွဲကို မေ ၃၁ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ခင်မောင်အုန်း ကျောင်းသူတစ်ဦးအား ပညာသင်စရိတ် ထောက်ပံ့ပေးအပ်စဉ်။ (၄၀၁)

ဝက်နားရွက်ပြာရောဂါကြိုတင်ကာကွယ်ရေး ကျောက်ဖြူ၌ ပညာပေးဟောပြော

ကျောက်ဖြူ ဇွန် ၅

ကျောက်ဖြူမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝက်နားရွက်ပြာရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို မေ ၂၁ ရက်က ကျောက်ဖြူမြို့နယ် အုန်းတောကျေးရွာအုပ်စု၌ ကျင်းပရာ ကျောက်ဖြူမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာစောထွေးက ဝက်နားရွက်ပြာရောဂါကြိုတင်ကာကွယ်ရမည့် နည်းလမ်းများ၊ ရောဂါနှင့်ပတ်သက်၍ သိသင့်သိထိုက်သည်များကို ရှင်းလင်းပြောကြားပြီး အဆိုပါကျေးရွာအုပ်စုမှ ဝက်မွေးမြူသူများ၊ ဝက်လုပ်ငန်းရှင်များ၏ သိလိုသည်များကို ပြန်လည်ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

မီးဘေးရှောင် မလောင်ခင်တား

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ဒဂုံမြို့သစ်မြို့နယ် ခေတ်မီစက်မှုလယ်ယာစံပြစိုက်ပျိုးရေးအထူးဇုန် ဧက ၁၀၀၀၀ အတွင်း မိုးစပါး ဧက ၅၀၀ စိုက်ကွင်း၌ သိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် စပါးပျိုးထောင်ထားမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

တစ်ဧက တင်း ၁၀၀ အမှန်ရရှိနိုင်မည့် သိပ္ပံနည်းကျ ပေါင်စနစ်စိုက်နည်းပညာ ကျယ်ပြန့်စွာ စိုက်ပျိုးပြသခြင်းဖြင့် စပါးသီးနှံများအမှန်အထွက်တိုးလာမည်

နေပြည်တော် ဇွန် ၅

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြို့နယ် ခေတ်မီစက်မှုလယ်ယာ စံပြစိုက်ပျိုးရေးအထူးဇုန် ဧက ၁၀၀၀၀ အတွင်းရှိ ဂရင်းအေးရှားကုမ္ပဏီ၏ မိုးစပါးဧက ၅၀၀ စိုက်ကွင်း၌ သိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် စပါးမျိုးများ စနစ်တကျပျိုးထောင်ထားမှုများကို ကြည့်ရှုစစ်ဆေးပြီး တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်စေရေးအတွက် တစ်ဧက တင်း ၁၀၀ အထွက် အမှန်ရရှိနိုင်မည့် သိပ္ပံနည်းကျ ပေါင်စနစ် စိုက်ပျိုးရေးနည်းပညာကို ယခုကဲ့သို့ ကျယ်ပြန့်စွာ စိုက်ပျိုးပြသခြင်းဖြင့် စပါးသီးနှံများ အမှန်အထွက်တိုးလာစေမည်ဖြစ်ကြောင်း၊ ဤကဲ့သို့ သိပ္ပံနည်းကျစိုက်နည်းစနစ်ကို တစ်နိုင်ငံလုံး လက်တွေ့ကျင့်သုံးလာကြစေရေး ပိုမို အရှိန်အဟုန်မြှင့် လုပ်ဆောင်ပေးကြရန်လိုကြောင်း ပြောကြားပြီး စိုက်ခင်းအတွင်း ကြည့်ရှုအားပေးသည်။

ထို့နောက် ဂရင်းအေးရှားကုမ္ပဏီဝင်းအတွင်း ပြသထားသော မြင်းကောင်ရေ ၂၂ ကောင်အားရှိ တစ်နေ့လျှင် အလုပ်ချိန် ၈ နာရီအတွင်း ၁၀ ဧက ကောက်စိုက်စွမ်းရည်ရှိသည့် ကောက်စိုက်စက်ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဇုန်အမှတ်(၁)ရှိ ထူးထရေးဒင်းကုမ္ပဏီလီမိတက်နှင့် ဒဂုန်အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်တို့၏ တစ်ဆက်တစ်စပ်တည်း ဧက ၅၀၀ စိုက်ကွင်းအတွင်းရှိ သိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် ပျိုးထောင်ထားသော ပျိုးခင်းကြီးများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်းဒေသကြီးမှ

ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ဆွေနှင့် အထူးစီမံကိန်းကြီးအဖွဲ့ခွဲ(၂)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဌေးအောင်တို့က ၎င်းတို့တာဝန်ယူ၍ ကုမ္ပဏီများနှင့် ဖောက်လုပ်နေသည့် အပိုင်းများကို လိုက်လံပြသရှင်းပြကြသည်။

ကသာ - ဗန်းမော် လမ်းစီမံကိန်းသည် မူလက မီးရထားလမ်းစီမံကိန်း တစ်ခုသာဖြစ်သော်လည်း ဧရာဝတီတံတား(စင်းခန်း) တံတားကြီးတည်ဆောက်လိုက်ခြင်းကြောင့် ဒေသတွင်းပြည်သူများအတွက် လမ်းပန်းဆက်သွယ်မှု ပိုမိုလွယ်ကူစေရေးအတွက် ရထားလမ်းနှင့်ပူးတွဲ၍ ကသာမှ စင်းခန်းကို နိုင်ငံတော်အစိုးရက မော်တော်ကားလမ်းပါ ဖောက်လုပ်ပေးနေခြင်းဖြစ်သည်။

လမ်း ၆၅ မိုင်ကို ကသာမှစ၍ (၀/၀)မိုင် သတ်မှတ်ပြီး ပေါမမြိုင်၊ မဲဟင်း၊ နရူး၊ ခတက်ချောင်း၊ မင်းလယ်၊ ဟဲနား၊ ဝက်စောက်၊ မိုးတားကြီး၊ ဆူးပုတ်ကုန်း၊ နန့်စန်၊ သမန်းဒေါက်၊ ချောင်းဝရွာအထိ ၂၅ မိုင် ၆ ဖာလုံကို တစ်ပိုင်းနှင့် ချောင်းဝမှ ကျောက်ကြီး၊ ကျောက်တစ်လုံး၊ တိန်စွန်း၊ စီသော်၊ စီငန်း၊ နန်းခုတ်၊ မိုးစစ်ချောင်း၊ အင့်အွန်း၊ မြို့ကုန်း၊ နောင်ပင်၊ စစ်ကိုင်အထိ ၃၉ မိုင် ၂ ဖာလုံကို တစ်ပိုင်းခွဲပြီး ဖောက်လုပ်ခြင်းဖြစ်သည်။

ကသာ - စင်းခန်း မော်တော်ကားလမ်းသည် လမ်းသစ်ဖြစ်၍ ကုမ္ပဏီများအနေဖြင့် တစ်ကြောင်းထိုးလမ်းဖောက်လုပ်ခြင်းမှ စရပြီး ပေ ၁၅၀ အကျယ်အထိ တောရှင်းခြင်း၊ ပေ ၄၀ အကျယ် မြေသားဘောင်တင်ခြင်း၊ ဒုအခြေခံလွှာခင်းခြင်း၊ အခြေခံလွှာခင်းခြင်း၊ ကတ္တရာခင်းခြင်း၊ ရေပြွန်တံတားနှင့် ကွန်ကရစ်တံတားများ တည်ဆောက်ခြင်း စသည့်လုပ်ငန်းတို့ကို အဆင့်ဆင့်ဆောင်ရွက်ခဲ့ရာ ယခုအခါ ကျောက်ချောခင်းခြင်းလုပ်ငန်းများ ရာခိုင်နှုန်း ၉၀ ကျော် ပြီးစီးလျက်ရှိနေပြီး ကတ္တရာလမ်းခင်းခြင်း ၁၅ မိုင်ခန့် ပြီးနေပြီဖြစ်သည်။

စင်းခန်း-ကသာ မော်တော်ကားလမ်းသစ် ဖောက်လုပ်ရေးစီမံကိန်းတွင် ခင်းထားသော ကတ္တရာလမ်းကို ဤသို့တွေ့ခဲ့ရသည်။ (သတင်းစဉ်)

အဆိုပါ လမ်း ၆၅ မိုင်တွင် ပါဝင်သော ရေပြွန်တံတား ၂၄၅ စင်းနှင့် ပေ ၂၀ မှ ပေ ၁၃၀ အထိရှိသည့် တံတား ၁၀ စင်းတို့မှာလည်း ရာခိုင်နှုန်း ၉၀ ကျော် ပြီးနေပြီဟု သိရသည်။

ကျွန်တော်တို့ သတင်းအဖွဲ့သည် ဒုတိယအင်ဂျင်နီယာမှူးကြီးများ လိုက်လံပြသသည့် လမ်းပိုင်းများ ပြီးစီးနေမှုကို မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးသလို သိရှိလိုသော လမ်းဖောက်နေမှု အပိုင်းများကိုလည်း တွေ့ဆုံမေးမြန်းခဲ့ပါသည်။ ရှေးဦးစွာ စင်းခန်းတံတားမှ ချောင်းဝအပိုင်း ၃၉ မိုင် ၂ ဖာလုံကို ဖောက်လုပ်နေသည့် ကုမ္ပဏီရှစ်ခုအား ကြီးကြပ်ဆောင်ရွက်နေသော ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ဆွေအား မေးကြည့်ရာ ၎င်းက ယခုလမ်းကို ၂၀၁၀ ခုနှစ် မတ်လမှ စတင်ဖောက်လုပ်ခဲ့ပါကြောင်း၊ လမ်းကို မြေသားတာပေါင်အကျယ်ပေ ၄၀ နှင့် ကတ္တရာလမ်း ၁၂ ပေ ခင်းမည်ဖြစ်ကြောင်း၊ မူလလမ်းဟောင်းမရှိသည့် နေရာတွင် လမ်းဖောက်ခြင်းဖြစ်၍ တောရှင်း လုပ်ငန်းမှအစ ဆောင်ရွက်ခဲ့ရကြောင်း၊ မိမိတာဝန်ယူရသည့် ၃၉ မိုင် ၂ ဖာလုံ အပိုင်းတစ်ခုတည်းကိုပင် ဖြတ်မြေကျင်း သိန်း ၂၀ ကျော်နှင့် ဖို့မြေကျင်း ၁၅ သိန်းကျော် ဖို့ရကြောင်း၊ အတက်ကြမ်း အဆင်းကြမ်း နေရာများကို ပြေပြစ်အောင်ဆောင်ရွက်ပြီးဖြစ်၍ ကျောက်ချောလမ်းအဆင့်ပြီးနေပြီး ကတ္တရာလမ်းမှာ ကသာဘက်မှ စခင်းနေပြီဖြစ်ပါကြောင်း ရှင်းပြသည်။

စင်းခန်း-ကသာ မော်တော်ကားလမ်းဖောက်လုပ်ရာတွင် ဖို့မြေများ သိပ်သည်းမှုရရှိရေးအတွက် မြေညှိ-မြေသိပ်ကြိတ်စက်ကြီးများဖြင့် ဤသို့ဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)

ဆက်လက်၍ ကျွန်တော်သည် ကသာ-ဆင်ကန်းလမ်းမှ ချောင်းဝ-ကသာအပိုင်း ၂၅ မိုင် ၆ ဖာလုံကို တာဝန်ယူဖောက်လုပ်နေသည့် ကုမ္ပဏီငါးခုအား ကြီးကြပ်ဆောင်ရွက်နေသော ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဌေးအောင်အား မေးကြည့်ရာ ၎င်းက ၂၀၀၉ ခုနှစ် အောက်တိုဘာလတွင် အထူးစီမံကိန်းကြီး အဖွဲ့ခွဲနှစ်ခုဖွဲ့ပေးပြီး ကသာ-စင်းခန်းလမ်းမှ ကသာ-ချောင်းဝ ၂၅ မိုင် ၆ဖာလုံကို ကသာဘက်မှ စတင်ဖောက်လုပ်ရန် ညွှန်ကြားသဖြင့် ထိုနှစ် နိုဝင်ဘာလတွင် စတင် ဖောက်လုပ်ခဲ့ကြောင်း၊ ယခုအခါ မြေသားလုပ်ငန်းများ၊ ကျောက်ခင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးပြီဖြစ်၍ ကတ္တရာခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ၁၀ မိုင်ကျော်ပြီးစီးနေပြီဖြစ်ကြောင်း ရှင်းပြသည်။

ကသာ-စင်းခန်းကားလမ်းပြီးသွားပါက ဧရာဝတီတံတား(စင်းခန်း)တံတားကြီးပေါ်မှဖြတ်၍ ဧရာဝတီမြစ်အရှေ့ဘက်ကမ်းရှိ မန္တလေး-တကောင်း-ဗန်းမော်-မြစ်ကြီးနားကားလမ်းနှင့် ဧရာဝတီမြစ်အနောက်ဘက်ကမ်းရှိ မန္တလေး-ရွှေဘို-မြစ်ကြီးနားကားလမ်းတို့နှင့် ဆက်သွယ်သွားလာနိုင်ကြတော့မည်ဖြစ်ပါကြောင်း ကွင်းဆင်းရေးသားတင်ပြလိုက်ရပါသည်။ ။

နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း

ဘောလိဝုဒ်ရုပ်ရှင်လောကသို့ ဈေးကွက်ချဲ့ထွင်ရန် လေဒီဂါဂါစီစဉ်

အမေရိကန်အဆိုတော် လေဒီဂါဂါက သူမ၏ တေးသီချင်းများကို အိန္ဒိယဘောလိဝုဒ်ရုပ်ရှင်လောကတွင် ဈေးကွက်ချဲ့ထွင်ရန် စီစဉ်လျက်ရှိကြောင်း ထုတ်ဖော်ပြောကြားသည်။

ပေါ့ပ်သီချင်းသီဆိုရာတွင် ကိုယ်ပိုင်ဟန် အကအလှများနှင့် ပေါင်းစပ်သီဆိုလေ့ရှိသူ လေဒီဂါဂါက ဘောလိဝုဒ်ရုပ်ရှင်လောကနှင့်ပူးပေါင်း၍ တောင်အာရှဒေသတွင် ဈေးကွက်ချဲ့ထွင်လိုကြောင်း မီဒီယာများသို့ ပြောကြားသည်။

"အရင်က ကျွန်မ အိန္ဒိယကိုသွားချင်ပေမယ့် ငွေကြေးအရင်းအနှီးအခက်အခဲရှိခဲ့လို့ ကျွန်မဆန္ဒတွေ မပြည့်ဝခဲ့ပါဘူး။ အခုတော့ ကျွန်မရဲ့ တေးသီချင်းတွေကို တောင်အာရှနယ်မြေမှာရှိတဲ့ ပရိသတ်သစ်တွေဆီကို သယ်ဆောင်သွားနိုင်တော့မှာပါ"ဟု လေဒီဂါဂါက ဆက်လက်ပြောကြားသည်။

တောင်အာရှဒေသဖြစ်သည့် အိန္ဒိယဈေးကွက်ကို လေဒီဂါဂါက သူမ၏ တေးသီချင်းများ၊ တေးအယ်လ်ဘမ်များ ဈေးကွက်ချဲ့ထွင်ရောင်းချလိုသည်မှာ အိန္ဒိယနိုင်ငံ၌ အသက်(၃၀)အောက် လူငယ်လူရွယ် သန်း ၇၀၀ ကျော်ရှိနေခြင်းက မက်လောက်စရာ ဈေးကွက်တစ်ခုဖြစ်ခြင်းကြောင့်ဖြစ်သည်။

အဆိုတော်လေဒီဂါဂါ၏ နောက်ဆုံးထွက်ရှိခဲ့သော Born This Way တေးအယ်လ်ဘမ်သည် အမေရိကန်ပေါ့ပ်ဂီတဈေးကွက်တွင် အချပ်ရေတစ်သန်းကျော် ရောင်းချခဲ့ရပြီးဖြစ်သည်။

အင်တာနက်။

အိန္ဒိယနိုင်ငံသို့ ဈေးကွက်ချဲ့ထွင်ရန် ကြိုးစားနေသည့် အမေရိကန်ပေါ့ပ်အဆိုတော် လေဒီဂါဂါ။

အကောင်းဆုံး ကလေးသရုပ်ဆောင်ဆု ရရှိခဲ့သည့် Kung Fu Kids ရုပ်ရှင်ကား။

အေဝမ်းစိုး

နိုင်ငံတကာ ကလေးရုပ်ရှင်ပွဲတော် ပိတ်ပွဲအခမ်းအနား တရုတ်နိုင်ငံ၌ ကျင်းပ

နိုင်ငံတကာ ကလေးရုပ်ရှင်ပွဲတော် ပိတ်ပွဲအခမ်းအနားတစ်ရပ်ကို တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်စူးပြည်နယ် ကျန်ယင်မြို့တွင် ဇွန် ၄ ရက် ညနေပိုင်းက ကျင်းပခဲ့သည်။

(၁၁)ကြိမ်မြောက်အဖြစ် ကျင်းပခဲ့သည့် ယင်းနိုင်ငံတကာ ကလေးရုပ်ရှင်ပွဲတော်ကို နိုင်ငံပေါင်း ၂၂ နိုင်ငံမှ ရုပ်ရှင်ကားပေါင်း ၆၀ ကျော် လာရောက်ပြသခဲ့သည်။

ငါးရက်ကြာကျင်းပခဲ့သည့် ယင်းရုပ်ရှင် ပွဲတော်သို့ ရုရှား၊ ဂျာမနီ၊ အာဂျင်တီးနား၊ အမေရိကန်ပြည်ထောင်စု၊ ဖင်လန်၊ ဟန်ဂေရီနှင့် တရုတ်နိုင်ငံတို့မှ ကလေးရုပ်ရှင်ကားများ လာရောက်ပြသခဲ့ရာ ဖင်လန်နိုင်ငံမှ Niko and the Way to the Star ရုပ်ရှင်ကား၊ ဂျာမနီနိုင်ငံမှ The Crocodiles ရုပ်ရှင်ကားနှင့် တရုတ်နိုင်ငံမှ Kung Fu Kids ရုပ်ရှင်ကားများက ကလေးများအကြိုက်ဆုံး ကာတွန်းကား၊ ရုပ်ရှင်နှင့် ကလေးသရုပ်ဆောင်ဆုများအဖြစ် ဒေသခံကလေးငယ် ၂၃၀ ပါဝင်သည့် ဒိုင်လူကြီးအဖွဲ့က ရွေးချယ်ခဲ့ကြသည်။

ယင်းရုပ်ရှင်ပွဲတော်ကို ၁၉၈၉ ခုနှစ်မှ စတင်၍ နှစ်နှစ်တစ်ကြိမ်ကျင်းပခဲ့ရာ ကမ္ဘာတစ်ဝန်းမှ ရုပ်ရှင်ကားပေါင်း ၁၉၀ ကို ဆွဲဆောင်နိုင်ခဲ့သည်။ ***အင်တာနက်။***

❍ **ကျောဖုံးမှ**

ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် နှစ်ခုကို နယ်စပ်ဒေသတွင် လိုအပ်နေသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရန်နှင့် ဒေသဖွံ့ဖြိုးရေးကို ဆောင်ရွက်ပေးနိုင်မည့် အဆင့်မြင့်ပညာ တတ်ကျွမ်းသော အသိပညာရှင်များ မွေးထုတ်ပေးနိုင်စေရန် ရည်မှန်း

ဝိဇ္ဇာဘာသာ ထူးချွန်ဆုရ ချင်းပြည်နယ် ကန်ပက်လက်မြို့မှ ချင်းတိုင်းရင်းသား မောင်လိန်းနိုင်။

ချက်များ ထားရှိတည်ထောင်ဖွင့်လှစ်ခဲ့ရာ ယခုဆိုလျှင် ရန်ကုန်ဒီဂရီကောလိပ်၏ ဒသမအကြိမ်မြောက် ကျောင်းဆင်းပွဲ ကျင်းပနိုင်သည့်အခြေအနေ ရောက်ရှိခဲ့ပြီ ဖြစ်ကြောင်း။

ယနေ့ သင်တန်းအောင်မြင်ပြီးဆုံး၍ဘွဲ့ဒီပလိုမာ ရရှိကြပြီဖြစ်သည့် သင်တန်းသားများအနေဖြင့် မိမိတို့ ဇာတိရပ်ရွာဖြစ်သည့် နယ်စပ်ဒေသများကို ပြန်လည်သွားရောက်ပြီး ဒေသဖွံ့ဖြိုးရေး တာဝန်များကို ထမ်းဆောင်ကြရတော့မည် ဖြစ်ကြောင်း၊ ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် သင်တန်းသားများ အနေဖြင့်လည်း ဆက်လက်သင်ယူ လေ့လာဆည်းပူးမှု ပြီးဆုံးသည့်အခါ နယ်စပ်ဒေသများ၌ ပြန်လည် တာဝန်ထမ်းဆောင်ကြရမည် ဖြစ်ကြောင်း။

၂၀၁၀ ခုနှစ်အထိ ဒီဂရီကောလိပ်နှစ်ခုက မွေးထုတ်ပေးလိုက်သည့် ဝိဇ္ဇာ၊ သိပ္ပံဘွဲ့ရရှိသူ ၁၀၆၈ ဦး၊ အင်ဂျင်နီယာဒီပလိုမာရရှိသူ ၄၄၅ ဦး စုစုပေါင်း ၁၅၀၃ ဦးတို့သည် နိုင်ငံ့ဝန်ထမ်းများအဖြစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိနေကြပြီဖြစ်ကြောင်း၊ ကျောင်းဆင်းခဲ့သူများထဲမှ မဟာဝိဇ္ဇာဘွဲ့ ၄၄ ဦး၊ မဟာသိပ္ပံဘွဲ့ ၆၇ ဦး၊ M.E ဘွဲ့ ရှစ်ဦး၊ B.E ဘွဲ့ ၁၀၇ ဦး၊ B.Tech ဘွဲ့ ၁၃၆ ဦးရရှိကြပြီး ဖြစ်ကြောင်း၊ ဆက်လက် ပညာဆည်းပူးကြသည့် ကျောင်းဆင်းဝန်ထမ်းများအနေဖြင့် ပါရဂူကျမ်းပြု တစ်ဦး၊ ပါရဂူဘွဲ့ကြို ခြောက်ဦး၊ မဟာသုတေသန ၃၁ ဦး၊ မဟာဝိဇ္ဇာ/သိပ္ပံ ၇၀၊ မဟာဝိဇ္ဇာ/သိပ္ပံ အရည်အချင်းစစ် ၄၁ ဦးနှင့် M.E ၂၇ ဦး၊ B.E ၃၄ ဦး၊ B.Tech ၁၃၆ ဦးတို့ ဖြစ်ကြောင်း၊ ယခုနှစ် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)က ဝိဇ္ဇာဘွဲ့ ၃၈ ဦး၊ သိပ္ပံဘွဲ့ ၆၀၊ အေဂျီတီအိုင် ဒီပလိုမာ ၃၉ ဦး ပေါင်း ၁၃၇ ဦးနှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (မန္တလေး)က ဝိဇ္ဇာဘွဲ့ ၂၁ ဦး၊ သိပ္ပံဘွဲ့ ၆၇ ဦး၊ အေဂျီတီအိုင်ဒီပလိုမာ ၄၂ ဦး ပေါင်း ၁၃၀၊ ဒီဂရီကောလိပ် နှစ်ခုက စုစုပေါင်း သင်တန်းဆင်း ၂၆၇ ဦး မွေးထုတ်ပေးနိုင်ခဲ့ကြောင်း။

မျက်မှောက်ခေတ်အချိန်အခါသည် နိုင်ငံတော်၌ ဒီမိုကရေစီအသွင်ကူးပြောင်းရေး စတင်အကောင်အထည်ဖော်နေသည့်အတွက် နိုင်ငံတော်၏ တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်ဖြစ်ပေါ်မှုများကို ဆန့်ကျင်နှောင့်ယှက်နေကြသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ပေါင်းစုံကိုလည်း အမျိုးသားရေးသတိ၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် အင်အားအပြည့်ဖြင့် ဒေသခံ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများနှင့်အတူ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်သွားရမည် ဖြစ်ကြောင်း။

နိုင်ငံတော်သမ္မတကြီးက ၂၀၁၁ ခုနှစ် မတ် ၃၀ ရက်တွင် ပြည်ထောင်စုလွှတ်တော်၌ "သမိုင်းရဲ့ သင်ခန်းစာအရ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးဟာ ကျွန်တော်တို့ လက်ထက်သာမကနောင် သားစဉ်မြေးဆက် လက်ထက်အထိပါ ကမ္ဘာတည်သရွေ့ နိုင်ငံသားတိုင်း လိုက်နာဆောင်ရွက်သွားကြရမယ့် အမျိုးသားရေး တာဝန်ဖြစ်တဲ့အတွက် ကျွန်တော်တို့ အစိုးရလက်ထက်မှာလည်း ဒီတာဝန်ကြီးသုံးရပ်ကို ဦးထိပ်ပန်ဆင်ပြီး ဆက်လက်သယ်ဆောင်သွားမှာဖြစ်ပါတယ်"ဟု တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အလွန်အရေးကြီးသဖြင့် အထူးအလေးထားတည်ဆောက်သွားရန် မိန့်ကြားခဲ့ကြောင်း။

ကျောင်းဆင်း တိုင်းရင်းသားလူငယ်များအနေဖြင့် သင်ကြားပေး



သိပ္ပံဘာသာ ထူးချွန်ဆုရ ရှမ်းပြည်နယ် တာချီလိတ်မြို့မှ ရှမ်းတိုင်းရင်းသား မောင်ကျော်ထွန်း။

လိုက်သည့် စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ အရည်အသွေးများကို ခိုင်မြဲအောင်၊ ထူးချွန်ထက်မြက်အောင် အားထုတ်ပြီး တာဝန်ထမ်းဆောင်ရမည့် နယ်မြေဒေသအသီးသီးကို သွားရောက်၍ ပေးအပ်သည့် တာဝန်များကို ကျေပွန်အောင် ဆောင်ရွက်ကြရန်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး တည်ဆောက်ရာတွင် အရည်အသွေးပြည့်ဝသည့် နိုင်ငံ့ဝန်ထမ်းကောင်းများအဖြစ်နှင့် နိုင်ငံ့အကျိုးကို ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် မိမိတို့ တာဝန်ထမ်းဆောင်ရမည့်ဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်) သင်တန်းအမှတ်စဉ်(၁၀)မှ ဝိဇ္ဇာဘာသာထူးချွန်ဆုရ ချင်းပြည်နယ် ကန်ပက်လက်မြို့မှ ချင်းတိုင်းရင်းသား မောင်လိန်းနိုင်၊ သိပ္ပံဘာသာထူးချွန်ဆုရ ရှမ်းပြည်နယ် တာချီလိတ်မြို့မှ ရှမ်းတိုင်းရင်းသား မောင်ကျော်ထွန်းနှင့် အင်ဂျင်နီယာဘာသာ ထူးချွန်ဆုရ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့မှ နာဂ တိုင်းရင်းသား မောင်ဝင်းမင်းထွန်းတို့အား ထူးချွန်ဆုနှင့် ဂုဏ်ပြုလက်မှတ်တို့ကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော အဘိဓမ္မာ (ရိုးရိုး)သုံးဆင့်လုံးတွင် တစ်နိုင်ငံလုံး ထူးချွန်ပထမဆုနှင့် ရန်ကုန်တိုင်းဒေသကြီးတွင် သုံးဆင့်လုံး၌ ပထမဆုရရှိခဲ့သော တတိယနှစ် သိပ္ပံကျောင်းသား ကယားတိုင်းရင်းသား မောင်မီးရယ်ချို၊ အဘိဓမ္မာ(ရိုးရိုး) သုံးဆင့်လုံးတွင် တစ်နိုင်ငံလုံး ထူးချွန်ဒုတိယဆုနှင့် ရန်ကုန်တိုင်းဒေသကြီးတွင် သုံးဆင့်လုံး၌ ဒုတိယဆုရရှိခဲ့သော တတိယနှစ် သိပ္ပံကျောင်းသား ပလောင်တိုင်းရင်းသား မောင်အိုက်ငိုင်၊ အဘိဓမ္မာ(ရိုးရိုး) သုံးဆင့်လုံးတွင် တစ်နိုင်ငံလုံးထူးချွန်တတိယဆုနှင့် ရန်ကုန်တိုင်းဒေသကြီးတွင် သုံးဆင့်လုံး၌ တတိယဆုရရှိခဲ့သော တတိယနှစ် ဝိဇ္ဇာကျောင်းသား ချင်းတိုင်းရင်းသား မောင်သန်းထွန်းလေး အပါအဝင် အဘိဓမ္မာ(ရိုးရိုး)၊ အဘိဓမ္မာ(ဂုဏ်ထူးဆောင်)ဝိသုဒ္ဓိမဂ်စာမေးပွဲတို့တွင် ထူးချွန်ဆုရရှိသူ ၁၇ ဦးတို့အား ဆုများချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများသည် သင်တန်းဆင်း ကျောင်းသားများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး သင်တန်းဆင်းကျောင်းသား

အင်ဂျင်နီယာဘာသာ ထူးချွန်ဆုရ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့မှ နာဂတိုင်းရင်းသား မောင်ဝင်းမင်းထွန်း။

များနှင့် ကျောင်းသားမိဘများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်)မှ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် သင်တန်းအောင်မြင်သူများမှာ ဝိဇ္ဇာဘွဲ့ ၃၈ ဦး၊ သိပ္ပံဘွဲ့ ၆၀၊ အေဂျီတီအိုင် ဒီပလိုမာ ၃၉ ဦး စုစုပေါင်း ၁၃၇ ဦးတို့ ဖြစ်ပြီး ယင်းတို့မှာ ကချင်တိုင်းရင်းသား နှစ်ဦး၊ ကဒူး တိုင်းရင်းသားတစ်ဦး၊ ကနန်း တိုင်းရင်းသား နှစ်ဦး၊ ကယားတိုင်းရင်းသား ငါးဦး၊ ကယန်းတိုင်းရင်းသား ခုနစ်ဦး၊ ကရင်တိုင်းရင်းသား ၁၃ ဦး၊ ခမီ တိုင်းရင်းသား လေးဦး၊ ချင်းတိုင်းရင်းသား ၁၀ ဦး၊ ဒိုင်းနက်တိုင်းရင်းသား တစ်ဦး၊ ဓနုတိုင်းရင်းသား ကိုးဦး၊ နာဂ တိုင်းရင်းသား ၁၃ ဦး၊ ပလောင် တိုင်းရင်းသား ၁၂ ဦး၊ ပအိုဝ်း တိုင်းရင်းသား ငါးဦး၊ မွန်တိုင်းရင်းသား ငါးဦး၊ ရခိုင်တိုင်းရင်းသား ၁၂ ဦး၊ ရှမ်း တိုင်းရင်းသား ၂၀ ဦး၊ သက်တိုင်းရင်းသား သုံးဦး၊ အင်းသားတိုင်းရင်းသား ခြောက်ဦး၊ အာခါတိုင်းရင်းသား ခြောက်ဦး ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကရင်ပြည်နယ်ဝန်ကြီးချုပ် အခြေခံပညာကျောင်းများ ကြည့်ရှုစစ်ဆေး

လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အချင်းပြည့်ဝသူများ မွေးထုတ်ရေးမှာကြား

နေပြည်တော် ဇွန် ၅

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းသည် ဇွန် ၂ ရက် နံနက် ၁၁ နာရီခွဲတွင် ဘားအံမြို့ အမှတ်(၁)၊ အမှတ်(၆)နှင့် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်၍ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ စာသင်ကြားနေမှုကို ကြည့်ရှုအားပေးပြီး ကျောင်းဝင်းအတွင်း သန့်ရှင်းသာယာလှပရေးနှင့် ရေလောင်းအိမ်သာများ ရေလုံလောက်စွာရရှိရေး၊ ကျောင်းများ၌ ကျန်းမာရေးအတွက် အရေးကြီးသည့် ခြင်ကိုက်မှု ကြိုတင်ကာကွယ်ရေးအတွက် ဆေးဖျန်းခြင်း၊ ချုံနွယ်များ ရှင်းလင်းခြင်း ဆောင်ရွက်ထားရှိရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆရာ၊ ဆရာမများက အရည်အချင်းပြည့်ဝသူများ မွေးထုတ်ပေးရေးတို့ကို မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ပညာရေးကောလိပ်(ဘားအံ)သို့ ဆက်လက်သွားရောက်၍ လုပ်ငန်းခွင်အကြို ဆရာအတတ်သင်ပညာ ကျွမ်းကျင်မှု ဒီပလိုမာ သင်တန်း အနီးကပ်သင်တန်းဖွင့်လှစ်ပို့ချနေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါ သင်တန်း၌ သင်တန်းသား၊ သင်တန်းသူ ၂၂၈ ဦး တက်ရောက်လျက်ရှိပြီး ကရင်ပြည်နယ် အစိုးရအဖွဲ့က ဆန်၊ ကုလားပဲ၊ စားသုံးဆီနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ လေ့လာစို့

မြိတ်မြို့၌ ကျောင်းအပ်နှံရေးနေ့ ကျင်းပ

မြိတ် ဇွန် ၅

၂၀၁၁-၂၀၁၂ ပညာသင်နှစ် မြိတ်မြို့နယ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၈ ရက် နံနက် ၉ နာရီက မြိတ်မြို့ အထက(၁) ပညာဗိမာန်ခန်းမ၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ရွှေက အဖွင့်အမှာစကားပြောကြားပြီး တနင်္သာရီတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ လက်ထောက်ကြီးကြပ်ရေးမှူး (စာပေ) ဒေါ်ယဉ်မြက ကျောင်းအပ်နှံရေးလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

လှူဒါန်း

ဆက်လက်၍ ကျောင်းနေအရွယ်ကလေးများ ကျောင်းနေရေးအတွက် ပညာရေးဝန်ကြီးဌာနက လှူဒါန်းသော မူလတန်းအဆင့် ကျောင်းသုံးဖတ်စာအုပ် ၃၅၄၈၈ စုံနှင့် စေတနာရှင်အလှူရှင်များက အလှူငွေ၊ ကျောင်းသုံးဗလာစာအုပ်၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံတို့ကို လှူဒါန်းပေးအပ်ကြသည်။ **(အောက်ပုံ)**

အဆိုပါ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာနက တန်ဖိုးငွေကျပ် ၁၃၆၃၉၈၅၀ တန်ဖိုးရှိ မူလတန်းအဆင့် ကျောင်းသုံးဖတ်စာအုပ် ၃၅၄၈၈ စုံ၊ စေတနာရှင်အလှူရှင်များက လှူဒါန်းငွေကျပ် ၂၁၂၉၂၀၀ နှင့် ဗလာစာအုပ် ၁၃၁ ဒါဇင်၊ ခဲတံ ၁၅ ဒါဇင်နှင့် ဘောပင် နှစ်ဒါဇင်တို့ကို လှူဒါန်းကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အမှတ်(၂)စံပြရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးဖိုးဆယ် အမက(၄) မင်္ဂလာဒုံ ကျောင်းသား၊ ကျောင်းသူ ၂၃၃ ဦးအား ဗလာစာအုပ်နှင့် ခဲတံများ (၅)ကြိမ်မြောက် ပေးအပ်လှူဒါန်းစဉ်။

(၅၃၂)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဆောင်ရွက်မှု နေပြည်တော်ကောင်စီဝင် ဦးစောလှ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၅

ယာဉ်မတော်တဆတိုက်မှု လျှော့နည်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေးအတွက် နေပြည်တော်ကောင်စီဝင်၊ နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးစောလှသည် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဝင်များလိုက်ပါလျက် ဇွန် ၁ ရက် နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ်ရှိ အလက(၃)၊ အမက (၁၄၀)၊ ပျဉ်းမနားမြို့နယ်ရှိ အထက(၃)နှင့် ပုဗ္ဗသီရိမြို့နယ် အထက(၃) ကျောင်းများသို့ သွားရောက်၍ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ကျောင်းသား၊ ကျောင်းသူများ လူကူးမျဉ်းကြားမှ စနစ်တကျ လမ်းဖြတ်ကူးရေး ပညာပေးဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** (မထသ)

အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် အားကစားနှင့်ပညာရေး ပေါင်းစပ်သင်တန်းနှင့် အားကစားလေ့ကျင့်ရေးသင်တန်းဖွင့်

ရန်ကုန် ဇွန် ၅

အားကစားဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့က ထူးချွန်ထက်မြက်သော မျိုးဆက်သစ် အားကစားသမားများ ရှာဖွေဖော်ထုတ် စုစည်းလေ့ကျင့် သင်ကြားပေးနိုင်စေရန် အားကစားနှင့်ကာယပညာသိပ္ပံကို ၁၉၉၂ ခုနှစ် ဇူလိုင် ၂၇ ရက်တွင် စတင်ဖွင့်လှစ်ပေးခဲ့ကြောင်း၊ သွေးသစ်လောင်းနိုင်မည့် ထူးချွန်သော မျိုးဆက်သစ်အားကစား သမားများ စဉ်ဆက်မပြတ် ပေါ်ထွက်လာစေရေးအတွက် အထောက်အကူဖြစ်စေရန်ဆိုသည့်အချက်နှင့်အညီ အားကစား နှင့် ကာယပညာသိပ္ပံ၌ "အားကစားနှင့်ပညာရေးပေါင်းစပ် သင်တန်း"ကို နိုင်ငံတော်၏ လမ်းညွှန်မှုဖြင့် ၁၉၉၇ ခုနှစ် ဩဂုတ် ၁ ရက်မှ စတင်ဖွင့်လှစ်ပေးခဲ့ကြောင်းဖြင့် ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ကျိုက္ကဆံကွင်းရှိ ပြည်ထောင်စု ခန်းမ၌ ကျင်းပသော အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်) ၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် အားကစား နှင့်ပညာရေး ပေါင်းစပ်သင်တန်းနှင့် အားကစားလေ့ကျင့်ရေး သင်တန်း ဖွင့်ပွဲအခမ်းအနား၌ မြန်မာနိုင်ငံအမျိုးသား အားကစားကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနနှင့်ဟိုတယ် နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အမှာစကားပြောကြားသည်။

တစ်ဆက်တည်းပင် ပြည်ထောင်စုဝန်ကြီးက အားကစား နှင့်ကာယပညာသိပ္ပံ(ရန်ကုန်)က ၂၀၁၀-၂၀၁၁ ပညာသင်နှစ် အတွင်းတွင် ပြည်တွင်းပြည်ပပြိုင်ပွဲများ၌ အားကစားနည်း (၁၂)နည်းပြိုင်ပွဲ (၄၆)ကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် ၁၂၅ ခု၊ ငွေတံဆိပ် ၁၁၅ ခု၊ ကြေးတံဆိပ် ၁၂၉ ခု စုစုပေါင်းဆု တံဆိပ် ၃၆၉ ခု ဆွတ်ခူးခဲ့ကြောင်း၊ ပြီးခဲ့သောပညာသင်နှစ် အတွင်း အားကစားနည်းအလိုက် ပဏာမလက်ရွေးစင်အဖြစ် သင်တန်းသား၊ သင်တန်းသူ ၇၆ ဦးကို သက်ဆိုင်ရာ အားကစား အဖွဲ့ချုပ်အသီးသီးက ရွေးချယ်ခဲ့ပြီး တွဲဖက်လေ့ကျင့်စေနိုင်ခဲ့ ကြောင်း၊ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် ယခင်နှစ်လက်ကျန် သင်တန်းသား ၃၀၅ ဦး အပါအဝင် သင်တန်းသား ၆၀၀ ကို ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ အလေးမ၊ လက်ဝှေ့၊ ဂျူဒို၊ မြားပစ်၊ တိုက်ကွမ်ဒို၊ ပိုက်ကျော်ခြင်း၊ သေနတ်ပစ်၊ ရေကူး၊ပန်ကြပ်ဆီလပ်စသည့် အားကစားနည်းများကို သင်ကြား ပေးမည်ဖြစ်ပြီး ကရာတေးဒို၊ တင်းနစ်၊ ဝူရှူးအားကစားနည်း များကိုလည်း ထပ်တိုးလေ့ကျင့်သင်ကြားပေးနိုင်ရန် သက်ဆိုင်ရာ အဖွဲ့ချုပ်များနှင့် ဆွေးနွေးညှိနှိုင်း စီစဉ်ဆောင်ရွက်လျက်ရှိ ကြောင်းဖြင့် ပြောကြားသည်။

ထို့အပြင် အားကစားနှင့် ပညာရေး ပေါင်းစပ်သင်တန်းကို တက်ရောက်ကြမည့် လူငယ်မောင်မယ်များအနေဖြင့် သင်တန်း က ချမှတ်ထားသည့် စည်းကမ်းများကို တိတိကျကျ လိုက်နာပြီး အားကစားလေ့ကျင့်ရေးနှင့် ပညာသင်ကြားရေးတို့ကို အာရုံ စူးစိုက်၍ အစွမ်းကုန်ကြိုးစားသွားကြရန်၊ နိုင်ငံတော်က အားကစားတိုးတက်ရေးအတွက် ထားရှိသည့် စေတနာနှင့် ရင်းနှီးမြှုပ်နှံမှုများအတွက် အသိအမှတ်ပြု တုံ့ပြန်နိုင်ရန် အစွမ်းကုန်ကြိုးစားကြရန် ပြည်ထောင်စုဝန်ကြီးက အလေး အနက်မှာကြားသည်။

ဆက်လက်၍ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)သို့ စေတနာရှင်များက အလှူငွေများ ပေးအပ်ကြရာ ACE ဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးဖြိုးကိုကိုတင့်ဆန်းနှင့်ဇနီး ဒေါ်ကျဲရ်ချင်းတီစ်၊ ဦးထင်ကျော်လင်းနှင့် ဇနီး ဒေါ်ငြိမ်းငြိမ်း တင့်ဆန်းနှင့် သမီး မလင်းမြတ်ချယ် (Golden Hill Restaurant) မိသားစုတို့က ငွေကျပ်သိန်း ၅၀ စီကိုလည်းကောင်း၊ ဇေကမ္ဘာကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဒေါက်တာ ဦးခင်ရွှေ၊ မြန်မာနိုင်ငံသေနတ်ပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးထက်ညီနှင့် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် ဥက္ကဋ္ဌ မန်နေဂျင်း ဒါရိုက်တာ ဦးဝင်းလွင်(ကျော်သာကုမ္ပဏီလီမိတက်)တို့က ငွေကျပ် ၁၀ သိန်းစီကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက လက်ခံပြီး ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ထံ မန်နေဂျင်းဒါရိုက်တာ ဦးနေလင်း(ရတနာသစ်ဆောက်လုပ်ရေး)၊ မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်ဥက္ကဋ္ဌ မန်နေဂျင်းဒါရိုက်တာ ဦးမောင်မောင်ဆွေ(ဂရိတ်ဝေါဆောက်လုပ်ရေးလုပ်ငန်းနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းစု)၊ မြန်မာနိုင်ငံရိုးရာ အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ထွန်းနှင့် ဒေါက်တာစိုးလွင် (Myanmar CP ကုမ္ပဏီလီမိတက်)တို့က ငွေကျပ် ၁၀ သိန်းစီ ကိုလည်းကောင်း၊ မြန်မာနိုင်ငံဟော်ကီ အဖွဲ့ချုပ်က ငွေကျပ် ၁၀ သိန်းနှင့် ဟော်ကီအားကစားပစ္စည်း များကိုလည်းကောင်း၊ ကျန်အလှူရှင် ခုနစ်ဦးတို့က အလှူငွေများကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ ယနေ့ လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် ၂၀၉ သိန်း ဖြစ်သည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး သည် အားကစားနည်းအလိုက် နည်းပြနှင့် ဆရာ၊ ဆရာမများအား တွေ့ဆုံပြီး အားကစားနှင့်ကာယပညာသိပ္ပံသင်တန်းသားများ၏ ကိုယ်ခန္ဓာအချိုးအစားနှင့် ကြံ့ခိုင်မှုဆန်းစစ်ချက်လုပ်ဆောင်ပုံများ သရုပ်ပြသခြင်းကို ကြည့်ရှုအားပေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်းရှိ မြန်မာနိုင်ငံ မြားပစ်အားကစားအဖွဲ့ချုပ် မြားပစ်ကွင်း၌ စခန်းဝင် လေ့ကျင့်လျက်ရှိသည့် မြန်မာ့လက်ရွေးစင် မြားပစ် အားကစားသမားများအား သွားရောက်တွေ့ဆုံ အားပေး ခဲ့ပြီး မွန်းလွဲပိုင်းတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ မြန်မာနိုင်ငံသေနတ်ပစ်အဖွဲ့ချုပ် အပြည်ပြည်ဆိုင်ရာ သေနတ်ပစ်ကွင်းသို့လည်းကောင်း၊ အင်းလျားကန်ရှိ မြန်မာ နိုင်ငံလှေလှော်အဖွဲ့ချုပ်နှင့်ရွက်လှေ အဖွဲ့ချုပ်တို့သို့ လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသားအားကစား ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီး ဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးတင့်ဆန်း အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် အားကစားနှင့်ပညာရေး ပေါင်းစပ် သင်တန်းနှင့် အားကစားလေ့ကျင့် ရေးသင်တန်း ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး ခန္တီးခရိုင်နှင့်ကလေးခရိုင်တို့၌ ဒေသဖွံ့ဖြိုးရေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၅

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးသည် ဇွန် ၁ ရက် မွန်းလွဲပိုင်းတွင် ခန္တီးမြို့ ပေါမိုင်ရပ်ကွက် ဗဟို တောင်တန်းသာသနာပြုကျောင်း၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိ ရပ်ဖများနှင့်တွေ့ဆုံပြီး ခန္တီးမြို့ ခုတင် (၁၀၀)ပြည်သူ့ဆေးရုံ၌ တက်ရောက်ကုသနေသည့် လူနာများအား ကြည့်ရှုအားပေးကာ ဆေးပဒေသာပင်အတွက် အလှူငွေ ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် အိမ်တွင်းမှု သက်မွေး လုပ်ငန်းပညာ သင်တန်းကျောင်းကို သွားရောက်၍ သင်ကြားသင်ယူနေမှုကို ကြည့်ရှုစစ်ဆေးပြီး ထောက်ပံ့ငွေများ ပေးအပ်ကာ သင်တန်းကျောင်းဝန်းကျင် ၌ အရိပ်ရပင်နှင့် စားပင်များ စိုက်ပျိုးရန် မှာကြားသည်။ ဆက်လက်၍ ခန္တီးမြို့ စက်မှုလက်မှုသိပ္ပံကျောင်းနှင့် နယ်စပ် ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး သင်တန်းကျောင်းတို့ကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပြီး ခန္တီးမြို့ မြသိန်းတန်ဘုရား အောက်ခြေ ချင်းတွင်းမြစ် ကမ်းနံဘေး မြေထိန်းနံရံ ပြုလုပ်ထားမှုကို ကြည့်ရှု စစ်ဆေးသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဇွန် ၂ ရက် နံနက်ပိုင်းတွင် လဟယ်မြို့၌ နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်မိ ရပ်ဖများ၊ ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံ၍ နာဂဒေသ အလျင်အမြန် ဖွံ့ဖြိုးတိုးတက် အောင် ကြိုးပမ်းဆောင်ရွက်ရန်မှာကြား ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့ငွေပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် သည် လဟယ်မြို့မှ ဟုမ္မလင်းမြို့သို့ ရောက်ရှိပြီး မီးသတ်ဦးစီးဌာနနှင့် အခြေခံပညာအထက်တန်းကျောင်းတို့ကို သွားရောက် ကြည့်ရှုစစ်ဆေးကာ ဟုမ္မလင်းမြို့လေဆိပ် ဧည့်ခန်းမဆောင်၌ ဌာနဆိုင်ရာများနှင့်တွေ့ဆုံသည်။

ယင်းနောက် ကလေးမြို့သို့ ရောက်ရှိ ပြီး ကလေးစက်မှုဇုန်၌ စက်မှုဇုန်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး အရည်အသွေးမီသည့် စက်မှု ဇုန်ထုတ်ကားများ ထုတ်လုပ်နိုင်ရေးနှင့် စပါးခွံ လောင်စာစက်များ ထုတ်လုပ်နိုင် ရေးမှာကြားကာ ခိုင်တမ်းကျေးရွာရှိ ပုဂ္ဂလိက ၃၀ KVA ရေအားလျှပ်စစ် ထုတ်လုပ်ရေးကို ကြည့်ရှုခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဇွန် ၃ ရက် နံနက်ပိုင်းတွင် ကလေးမြို့ ကွန်ပျူတာတက္ကသိုလ်သို့ ရောက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများ ပညာ သင်ကြားသင်ယူနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ခရိုင်၊ မြို့နယ် အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၍ မိုးစပါးစိုက်ဧက ရာနှုန်းပြည့် စိုက်ပျိုးနိုင် ရေး၊ ဒေသရာသီဥတုနှင့် ကိုက်ညီသည့် အထွက်တိုးစပါး ပြောင်းလဲစိုက်ပျိုးလာ စေရေး၊ ဆန်ထွက်နှုန်းမြင့်မားသည့် ခေတ်မီဆန်ကြိတ်စက်များ တပ်ဆင် အသုံးပြုနိုင်ရေး၊ စိုက်ပျိုးရေး အခြေခံ စက်မှုလက်မှု တိုးတက်လာရေး၊ လူငယ် များ အဆင့်မြင့်ပညာတတ်မြောက်ရေး၊ လမ်း၊ တံတားများ ရေရှည်ကြံ့ခိုင် ကောင်းမွန်ရေး၊ နိုင်ငံတော်က ထောက်ပံ့ သည့် စာအုပ်၊ စာရေးကိရိယာများ မူလတန်းအဆင့် ကျောင်းသားများ လက်ဝယ်ရောက်ရှိရေးတို့ကို ဆွေးနွေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

ဖခင် ဦးကျော်လှအား ရည်စူး၍ ရန်ကုန်မြို့ တာမွေမြို့နယ်နေ မိခင် ဒေါ်တင်ကြည်နှင့်သမီး မနွယ်နီစိုးလှ မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)၌ ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီးအတွက် မတည်အလှူငွေ၊ ဘုရားခန်းအတွက် အလှူငွေနှင့် ဆေးပဒေသာပင် အလှူ ငွေကျပ် ၂၆ သိန်း လှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။
(ဇီဝိတဒါနသံဃာ့ဆေးရုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆-၆-၂၀၁၁ (တနင်္လာနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ရတနသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"ပဋိစ္စသမုပ္ပာဒ်ပေါ် ဖုံးနေသည့် အမှောင်"တရားတော်
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၂၆)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၈၄)**
၈း၅၀	သန်လျင်မြို့ နတ်စင်တစ်ရာကျောင်း အားအမှူးထား၍ သန့်စင်အောင် ကုမ္ပဏီ၏ ဘေးကင်းရန်ကွာ စတုဒိသာအလှူတော်မင်္ဂလာ
၉း၁၀	ကမ်းဆင့်လက်များလှမ်းဆက်လို့ ရည် သာသနာ့အမွေခံယူကြမည်
၉း၂၅	MRTV-4 ကျန်းမာရေးကဏ္ဍ
၁၀း၀၅	Activities In The City
၁၀း၂၀	The Champion of Dance
၁၁း၀၀	Celebrity Choice
၁၁း၃၅	MRTV-4 ကာတွန်းအစီအစဉ်
၁၂း၀၀	မဟာဗျူဟာ စာကြည့်တိုက်ဖွင့်ပွဲနှင့် ရွှေရတနာအောင်သရဖူစေတီ တော်မြတ်ရွှေထီးတော်တင်မင်္ဂလာ
၁၂း၂၀	စားချင်စဖွယ်နည်းအသွယ်သွယ်
၁၂း၄၀	တော်ကဆုန်ညောင်ရေသွန်းချိန်မို့
၁း၀၀	"ပဋိစ္စသမုပ္ပာဒ်ပေါ် ဖုံးနေသည့် အမှောင်"တရားတော်
၂း၀၀	MRTV-4 သတင်း
၂း၂၀	FMF Selection
၂း၅၅	မြန်မာ၊ အိန္ဒိယဆေးပညာ နှီးနှောဖလှယ်ပွဲ
၃း၀၅	သဘာဝ Scalar စွမ်းအင် ကျန်းမာ ရေးအထောက်အကူပြုပစ္စည်းများ
၃း၂၅	MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၂၆)**
၄း၁၀	MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၈၄)**
၅း၀၅	Activities In The City
၅း၃၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၆း၀၀	MRTV-4 သတင်း
၆း၂၀	Sunday Talk (SS ခင်မောင်အေး၊ မျိုးမြတ်သူ)
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၂၇)**
၇း၃၅	ဗီဒီယိုပြခန်း
၈း၀၀	MRTV-4 သတင်း
၈း၃၀	စကားနပန်း
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၈၅)**
၁၀း၂၀	အနုပညာမိုးကောင်းကင်
၁၀း၄၀	အရက်နှင့်ကျန်းမာရေး
၁၁း၁၀	International Show Biz
၁၁း၃၀	တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ
၁၁း၄၅	ဈေးဝယ်လမ်းညွှန်
၁၂း၁၅	ဓာတ်ကြွင်းအာနိသင်ကင်းစေဖို့ တမာပိုးသတ်ဆေးသုံးကြစို့
၁၂း၃၀	စွဲမက်ဖွယ်ရာရတနာ
၁း၀၀	ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင်
၁း၃၀	နှုယဉ်ဆန်းထွင်ပန်းအလှဆင်
၁း၅၅	မြင့်မြတ်စိတ်ထား AIKI-KEN အားကစား
၂း၂၅	ဒို့တိုင်းဌာနီဇရာဝတီ
၂း၅၅	လှပသက်ဝင်ဖော့ပန်းပုရုပ်သွင်
၃း၀၅	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၄း၀၅	နှလုံးသားဖြင့်မြင်နိုင်စွမ်းသူတို့၏ Physiotherapy Clinic
၄း၂၅	ပြည့်ဝန်ထမ်း၍ ဆက်လှမ်းနေမည်. . .
၄း၃၀	သဘာဝကပေးသော လက်ဆောင်များ
၄း၄၀	လှပဆန်းကြယ် မြန်မာ့ရွှေချည်ထည်
၄း၅၀	အံ့ဖွယ်ထူးခြားမြေလတ်ဒေသဆီမှ ဘုရားများ
၅း၀၀	အစီအစဉ်ပြီး။

ပညာဂုဏ်ရောင် အလင်းဆောင်

မိုးညိုမြို့နယ်၌ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

မိုးညို ဇွန် ၅

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ဆင်ကျွန်းကျေးရွာ စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲကို မေ ၂၂ ရက် နံနက် ၉ နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အဆိုပါစာကြည့်တိုက်ကို မိုးညိုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေမောင်၊ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းတင်နှင့် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးနန်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် အလှူငွေ၊ စာအုပ်စာစောင်နှင့် ပရိဘောဂများ လှူဒါန်းပွဲကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များလှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုး တိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာ နိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင် မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

စာကြည့်တိုက်အဆောက်အအုံသစ် အုတ်ဖိုမြို့နယ်၌ဖွင့်

အုတ်ဖို ဇွန် ၅

သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် သရက်ကုန်းကျေးရွာ အလင်းရောင် စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ ကို မေ ၁၉ ရက် နံနက် ၉ နာရီက အဆိုပါ အဆောက်အအုံသစ်၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယ ဦးစီးမှူး ဦးမျိုးစိုးမိုး၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းတင်နှင့် သရက်ကုန်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးခင်လှိုင်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ သရက်ကုန်းကျေးရွာ အလင်းရောင်စာကြည့်တိုက်အတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်နှင့်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနတို့မှ စာအုပ်စာစောင်များ လှူဒါန်းကြသည်။ စာကြည့်တိုက်မှာ အလျား ၂၄ ပေ၊ အနံပေ ၂၀ ကျယ်ဝန်းသည့် သွပ်မိုး၊ အုတ်ကာ အဆောက်အအုံ ဖြစ်ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ဩစတြေးလျ ပညာရေးဆိုင်ရာ ရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဇွန် ၅

ဩစတြေးလျနိုင်ငံ၏ ပညာရေးစနစ် အကြောင်းနှင့် ပညာရေးအတွေ့အကြုံ များ၊ Secondary School တက်ရောက် ခြင်း အကျိုးကျေးဇူးများနှင့် အင်္ဂလိပ်စာ စာမေးပွဲဖြစ်သော AEAS ကျောင်း ရွေးချယ်မှု၊ ကျောင်းလျှောက်ခြင်းနှင့် Student Visa နှင့် Guardianship Visa အကြောင်းရှင်းလင်းပွဲကို ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ မေ ၂၈ ရက်က ကျင်းပရာ မစ္စတာအင်ဒရူး ဂရေးက ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ Life In Australia အကြောင်းကို ရှင်းလင်းတင်ပြပြီး Edulink Australia က ဩစတြေးလျ နိုင်ငံရှိ တက္ကသိုလ်နှင့် အထက်တန်း ကျောင်းများတွင် ပညာသင်လိုသော မြန်မာနိုင်ငံမှကျောင်းသားများအတွက် လိုအပ်သည်များကို ဆောင်ရွက်ပေး လျက်ရှိပြီး Edulink Australia နှင့် Crown Education တို့ ပူးပေါင်း၍ လာမည့် ဇူလိုင် ၃ ရက်တွင် ဩစတြေးလျ ကျောင်း ရှစ်ကျောင်းနှင့် အခြားသော အကြောင်းအရာများကို ရှင်းလင်းပွဲ ကျင်းပမည်ဖြစ်ရာ ဖုန်း-၀၉-၇၃၁၆၂၅၈၆ သို့ ဆက်သွယ် စုံစမ်းနိုင် ကြောင်း သိရသည်။ (ကြေးမုံ)

ပြည်တွင်း အားကစားသတင်းများ

မကွေးနှင့် Southern၊ ရက္ခပူရနှင့် ဥဿာတို့ သရေပွဲများဖြစ်

ရန်ကုန် ဇွန် ၅

MNL Grand Royal 2011 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ ပွဲစဉ်(၁၀) နောက်ဆုံးနေ့ပွဲစဉ်များကို ယနေ့ညနေ ၄ နာရီက အောင်ဆန်းကွင်းနှင့် သုဝဏ္ဏကွင်းတို့၌ ကျင်းပရာ သရေပွဲများဖြင့် ပြီးဆုံးသွားသည်။

(အောင်ဆန်းကွင်း)
Southern Myanmar - တစ်ဂိုး
(မိုဟာမက်ရာဇက်)
မကွေး - တစ်ဂိုး
(မန်ဆာ-ပယ်နယ်တီ)

နာမည်ကြီးအသင်းများကို အနိုင်နှင့် သရေများကစားကာ ရလဒ်ကောင်းများ

မကွေးတိုက်စစ်ကို Southern နောက်ခံလူ မူဆာနှင့် ဂိုးသမား ပြည့်ဖြိုးအောင်တို့ ကာကွယ်စဉ်။

သတင်းမှတ်စုနှင့် ဓာတ်ပုံ ရှိုင်းထက်ဇော်

ရရှိနေသည့် Southern အသင်းမှာ ယခုပွဲတွင် ဖိကစားနိုင်ခဲ့သော်လည်း ဦးဆောင်ဂိုးကို မထိန်းနိုင်၍ သရေတစ်မှတ်ဖြင့် ကျေနပ်ခဲ့ရခြင်းဖြစ်သည်။ ပွဲအစ ၂ မိနစ်မှာပင် မိုဟာမက်ရာဇက်က အဝေးမှ အမှတ်မထင် ကန်သွင်းကာ Southern အတွက် ဦးဆောင်ဂိုး စတင်သွင်းယူပေးခဲ့သည်။ မကွေးအသင်းမှာ လူစုံပါဝင်ခဲ့သော်လည်း ပုံမှန်ခြေစွမ်းမျိုး မရခဲ့ဘဲ ချေပဂိုးကို ပထမပိုင်းပြီးခါနီးတွင် ပယ်နယ်တီမှတစ်ဆင့် မန်ဆာက သွင်းယူခဲ့သည်။

(သုဝဏ္ဏကွင်း)
ရက္ခပူရယူနိုက်တက်-ဂိုးမရှိ
ဥဿာယူနိုက်တက်-ဂိုးမရှိ

နှစ်ပွဲဆက်နိုင်ပွဲရထားသည့် ရက္ခပူရအသင်းအတွက် နောက်ထပ်ရလဒ်ကောင်းတစ်ခုဖြစ်ပြီး ဥဿာယူနိုက်တက်အသင်းမှာ ရှုံးပွဲဆက်နေမှုကို ရပ်တန့်နိုင်ခဲ့သော်လည်း နိုင်ပွဲပျောက်ဆုံးဆဲပင်ဖြစ်သည်။

ယနေ့ပွဲစဉ်(၁၀)အပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက ၁၀ပွဲကစား ၂၃ မှတ်ဖြင့် ပထမ၊ ဇေယျာရွှေမြေအသင်းက ၁၀ ပွဲကစား အမှတ်၂၀ ဖြင့် ဒုတိယ၊ ဧရာဝတီယူနိုက်တက်အသင်းက ကိုးပွဲကစား ၁၉ မှတ်ဖြင့် တတိယနေရာတို့တွင် ရပ်တည်နေကြသည်။

ပြည်တွင်း အားကစားသတင်းများ

ထပ်ဆင့်အောင်ပွဲရ မန္တလေးတိုင်းဒေသကြီး ခြင်းလုံးအသင်းမောင်မယ်များအား ကြိုဆိုဂုဏ်ပြု

နေပြည်တော် ဇွန် ၅

၂၀၁၁ ခုနှစ် အဋ္ဌမအကြိမ်မြောက် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား (၃၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး ခြင်းလုံးခတ်ပြိုင်ပွဲ မြန်မာကိုင်ဒိုဖလား ခြင်းလုံးခတ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် အမျိုးသမီး(၄)ပေါက်တန်းအမှတ်ခတ်ပြိုင်ပွဲ၊ အမျိုးသား(၆)ပေါက်တန်း အမှတ်ခတ်ပြိုင်ပွဲတို့၌ ထပ်ဆင့်ဗိုလ်စွဲခဲ့သော အောင်ပွဲရ မန္တလေးတိုင်းဒေသကြီးအသင်းသည် အကောင်းဆုံးအားကစားသမားဆုရ မစုစုလှိုင်၊ မောင်မျိုးမင်းသူနှင့် ပထမတံခွန်စိုက်ဒိုင်းဆုကြီးနှင့် ဆင့်ပွားဒိုင်းဆုများနှင့်အတူ မကွေးမြို့မှ မော်တော်ယာဉ်ဖြင့် မန္တလေးမြို့ တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာနရုံးသို့ ယနေ့ နံနက်ပိုင်းတွင် ရောက်ရှိကြသည်။ အောင်ပွဲရ တိုင်းဒေသကြီးအသင်းအား တိုင်းဒေသကြီး ပညာရေးနှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဝင်းလှိုင်ဦးဆောင်၍ တာဝန်ရှိသူတို့က ကြိုဆိုဂုဏ်ပြု နှုတ်ဆက်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးက ကြိုဆိုဂုဏ်ပြုစကားပြောကြားပြီး အောင်ပွဲရအသင်းအား နံနက်စာဖြင့် ဧည့်ခံဂုဏ်ပြုကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာလူငယ်ဂေါက်သီးရိုက်အသင်း ထွက်ခွာ

ရန်ကုန် ဇွန် ၅

အင်ဒိုနီးရှားသမ္မတနိုင်ငံ Dami Indah Golf Pik Course, JAKARTA မြို့၌ ဇွန် ၇ ရက်မှ ၁၀ ရက်အထိ ကျင်းပမည့် JAKARTA WORLD JUNIOR GOLF CHAMPIONSHIP 2011 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးမျိုးထွန်း ခေါင်းဆောင်သော မြန်မာလူငယ် ဂေါက်သီးရိုက်အသင်းသည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

မြန်မာလူငယ် ဂေါက်သီးရိုက်အသင်းအား မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာလူငယ် ဂေါက်သီးရိုက်အသင်းတွင် နည်းပြဆရာအဖြစ် ဦးချမ်းဟန်၊ လူငယ်လက်ရွေးစင်များအဖြစ် စည်သူရဲရင့်၊ ဝေယံလင်း၊ လှိုင်မင်းထက်၊ ဇင်အောင်မင်း၊ ရဲလွင်ဦး၊ ဘုန်းပြည့်ချမ်းဟန်၊ မရွှေမဝဝင်းမြင့်နှင့် ယင်းပြိုင်ပွဲ၏ လက်ရှိချန်ပီယံ မယဉ်မေမျိုးတို့ လိုက်ပါသွားကြသည်။

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် ၂၀၁၃ ခုနှစ် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာဂေါက်သီးရိုက်အားကစား ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာလူငယ်လက်ရွေးစင် ဂေါက်သီးရိုက်အားကစားသမားများ နိုင်ငံတကာ ဂေါက်သီးရိုက်ပြိုင်ပွဲ အတွေ့အကြုံများ ရရှိကြကာ ဂေါက်သီးအားကစားဖြင့် နိုင်ငံ့ဂုဏ်ရည် မြှင့်တင်ပေးနိုင်ရေး အဓိကရည်မှန်းချက်ဖြင့် ကမ္ဘာ့လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲသို့ စေလွှတ်ယှဉ်ပြိုင်စေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာလူငယ် လက်ရွေးစင်ဂေါက်သီးရိုက်အသင်း အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ မထွက်ခွာမီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။
(သတင်းစဉ်)

၂၀၁၁ ခုနှစ် မဲခေါင်ဒေသနိုင်ငံများ ချစ်ကြည်ရေးအားကစားပြိုင်ပွဲတွင် အောင်ပွဲရ မြန်မာအားကစားအဖွဲ့ ပြန်လည်ရောက်ရှိ

ရန်ကုန် ဇွန် ၅

ထိုင်းနိုင်ငံ (NAKHON PHANOM) ဒေသ၌ မေ ၃၀ ရက်မှ ဇွန် ၄ ရက်အထိ ကျင်းပခဲ့သည့် ၂၀၁၁ ခုနှစ် မဲခေါင်ဒေသနိုင်ငံများ ချစ်ကြည်ရေးအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင် အောင်ပွဲခံခဲ့သည့် မြန်မာအားကစားအဖွဲ့သည် ယမန်နေ့ည ၈ နာရီ ၄၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီ တွဲဖက်အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ အထွေထွေအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများနှင့် ဆွေမျိုးမိတ်သင်္ဂဟများက ကြိုဆိုကြသည်။

အောင်ပွဲရ မြန်မာအားကစားအဖွဲ့သည် ပြေးခုန်ပစ်အားကစား၌ လင်းဇေယျာနောင်က အမျိုးသား မီတာ(၁၀၀)ပြိုင်ပွဲတွင် ရွှေတစ်ခုနှင့် မီတာ(၂၀၀) ပြိုင်ပွဲတွင် ငွေတစ်ခု၊ ထက်မျှုဇော်က အမျိုးသား မီတာ(၂၀၀) နှင့် မီတာ(၄၀၀)ပြိုင်ပွဲတွင် ရွှေနှစ်ခု၊ ဇင်မင်းထက်က အမျိုးသား မီတာ(၈၀၀) ပြိုင်ပွဲတွင် ရွှေတစ်ခု၊ ဇေယျာဝင်းက အမျိုးသား မီတာ(၁၅၀၀)ပြိုင်ပွဲတွင် ရွှေတစ်ခုနှင့် အမျိုးသား မီတာ(၄၀၀) လေးယောက်လက်ဆင့်ကမ်းပြိုင်ပွဲတွင် ငွေတစ်ခု၊ မြတ်စုက အမျိုးသမီး မီတာ (၁၀၀) နှင့် မီတာ(၂၀၀)ပြိုင်ပွဲတွင် ကြေးနှစ်ခု၊ စုကြည်အောင်က အမျိုးသမီး မီတာ(၂၀၀) ပြိုင်ပွဲတွင် ရွှေတစ်ခုနှင့် မီတာ(၄၀၀) ပြိုင်ပွဲတွင် ငွေတစ်ခု၊ နော့ကဖောဖော့က မီတာ (၄၀၀)ပြိုင်ပွဲတွင် ရွှေတစ်ခု၊ ရွှေလီမြစ်က အမျိုးသမီး မီတာ (၈၀၀ နှင့် ၁၅၀၀) ပြိုင်ပွဲတွင် ငွေနှစ်ခု၊ မာမာဆန်းက အမျိုးသမီး သံပြားပစ်ပြိုင်ပွဲတွင် ရွှေတစ်ခု၊ သံလုံးပစ်ပြိုင်ပွဲတွင် ငွေတစ်ခုနှင့် လှံတံပစ်ပြိုင်ပွဲတွင် ကြေးတစ်ခု၊ နော်ရီရီသန်းက အမျိုးသမီး သံလုံးပစ်ပြိုင်ပွဲတွင် ရွှေတစ်ခု၊ သံပြားပစ်ပြိုင်ပွဲတွင် ငွေတစ်ခုနှင့် အမျိုးသမီး မီတာ (၁၀၀) လေးယောက်လက်ဆင့်ကမ်းပြိုင်ပွဲတွင် ရွှေတစ်ခု၊ အမျိုးသားဘော်လီဘောအသင်းက ရွှေတစ်ခုနှင့် အမျိုးသားဘောလုံးအသင်းက ငွေတစ်ခု စုစုပေါင်းရွှေ ၁၁ ခု၊ ငွေခုနစ်ခုနှင့် ကြေးသုံးခုတို့ အသီးသီး ရရှိခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတကာ အားကစားသတင်းများ

[illegible]

လန်ဒန် ဇွန် ၅

ယူရို ၂၀၁၂ ခြေစစ်ပွဲများကို စနေနေ့ညက ဆက်လက်ယှဉ်ပြိုင်ရာ ဝင်ဘာလေကွင်းတွင် အိမ်ရှင် အင်္ဂလန်ကို ဆွစ်ဇာလန်က သရေကစားနိုင်ခဲ့ပြီး ဂရိနှင့် ရုရှားတို့ အိမ်ကွင်းတွင် နိုင်ပွဲများရရှိခဲ့သည်။

အင်္ဂလန် ၂-၂ ဆွစ်ဇာလန်

အင်္ဂလန်မြေ ဝင်ဘာလေကွင်းတွင် အုပ်စု (G)မှ အင်္ဂလန်နှင့် ဆွစ်ဇာလန်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်နှစ်ဂိုးစီသရေပွဲဖြစ်သွားသည်။ ယခုပွဲတွင် အင်္ဂလန်အသင်း၌ ဂျိုးဟတ်၊ ဂလင်းဂျွန်ဆင်၊ အက်ရှ်လေကိုး(ဘိန်းစ်)၊ ဖာဒီနန်၊ ဂျွန်တယ်ရီ၊ စကော့ပါကာ၊ ဝေါလ်ကော့(ဒေါင်းနင်း)၊ လမ်းပတ်(အက်ရှ်လေယန်း)၊ ဝီရှိုင်းယား၊ မေလ်နာနှင့် ဒါရင်ဘန့်တို့ ပါဝင်ကစားသွားခဲ့သည်။ ဧည့်သည် ဆွစ်ဇာလန်တွင် ဆန်းဒရို့စ်၊ ဂျိုရူး၊ ဘာနက်တာ၊ အင်လာ၊ ရှာကွီရီ စသည့် အမာခံကစားသမားများ ပါဝင်ခဲ့သည်။

ဆွစ်ဇာလန်အသင်းသည် အင်္ဂလန်အသင်းအပေါ် ဘောလုံးပိုင်ဆိုင်မှု အသာစီးရယူနိုင်ခြင်း မရှိခဲ့သော်လည်း ဂိုးသွင်းခွင့်များ ပိုရခဲ့ပြီး ဦးဆောင်ဂိုးနှစ်ဂိုးသွင်းယူနိုင်ခဲ့သည်။ ထိုဦးဆောင်ဂိုးနှစ်ဂိုးကို ပွဲချိန် ၃၂ မိနစ်နှင့် ၃၅ မိနစ်တို့တွင် ဘာနက်တာတစ်ဦးတည်းက အလွတ်တည်ကန်ဘောမှ တိုက်ရိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ အင်္ဂလန်အတွက် ပထမချေပဂိုးကို ပွဲချိန် ၃၇ မိနစ်တွင် လမ်းပတ်က ပယ်နယ်တီမှသွင်းယူခဲ့ပြီး ဒုတိယ ချေပဂိုးကို အက်ရှ်လေယန်းက ပွဲချိန် ၅၁ မိနစ်တွင် ဆွစ်ဇာလန် ဂိုးဧရိယာအစပ်မှနေ၍ ထောင့်ဖြတ်ဘောလှလှပပ ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။

အင်္ဂလန်အတွက် ဒုတိယချေပဂိုးကို အက်ရှ်လေယန်းသွင်းယူစဉ်။

ယူရို ၂၀၁၂ ခြေစစ်ပွဲရလဒ်များ		
ဂရိ	၃-၁	မော်လ်တာ
အိုက်စလန်	၀-၂	ဒိန်းမတ်
လက်ဗီးယား	၁-၂	အစ္စရေး
မက်ဆီဒိုးနီးယား	၀-၂	အိုင်ယာလန်
မွန်တီနီဂရိုး	၁-၁	ဘူလ်ဂေးရီးယား
ပေါ်တူဂီ	၁-၀	နော်ဝေ
ရုရှား	၃-၁	အာမေးနီးယား
ဆလိုဗက်ကီးယား	၁-၀	အင်ဒိုရာ

နိုင်ငံတကာခြေစမ်းပွဲရလဒ်များ		
ဘရာဇီး	၀-၀	နယ်သာလန်
အမေရိကန်	၀-၄	စပိန်
ဘိုလီဗီးယား	၀-၂	ပါရာဂွေး

ESPN။

ဂျိုကိုးလ် စပါးသို့ ပြောင်းမည်

လန်ဒန် ဇွန် ၅

ပြီးခဲ့သည့် ၂၀၁၀-၂၀၁၁ ဘောလုံးရာသီတွင် ဒဏ်ရာပြဿနာများဖြင့် ကြုံတွေ့နေခဲ့ရသည့် လီဗာပူးကွင်းလယ်ကစားသမား ဂျိုကိုးလ်သည် စပါးအသင်းသို့ ပြောင်းရွှေ့တော့မည်ဟု သတင်းများတွင် ဖော်ပြထားသည်။

စပါးအသင်းက ခေါ်ယူမည့် လီဗာပူးကစားသမား ဂျိုကိုးလ်။

ဟန်သစ်

အသက်(၂၉)နှစ်ရှိ အင်္ဂလန်ကွင်းလယ်ကစားသမား ဂျိုကိုးလ်သည် ချယ်လ်ဆီးမှ လီဗာပူးသို့ ပြောင်းရွှေ့ပြီးနောက်တွင် ပုံမှန်ပွဲထွက်ခွင့်မရသည့်အပြင် ဒဏ်ရာကြောင့် နားနေရသည်က များနေသည်။ လီဗာပူးအသင်းတွင် နေရာမရ ဖြစ်နေသည့် ဂျိုကိုးလ်သည် စပါးအသင်းသို့ သွားရောက်ကစားလိုနေပြီး စပါးအသင်းကလည်း ၎င်းကို ပေါင်သုံးသန်းဖြင့် ခေါ်ယူရန် ညှိနှိုင်းမှုများပြုလုပ်နေပြီဟု ဆိုသည်။ စပါးအသင်းသည် ၎င်းတို့၏ ကွင်းလယ်ကစားသမား လူကာမော့ဒရစ်ကိုရောင်းထုတ်ရန် ပြင်ဆင်နေခြင်းကြောင့် ယင်းနေရာတွင် ဂျိုကိုးလ်နှင့် အစားထိုးရန် ပြင်ဆင်နေခြင်း ဖြစ်သည်။

ESPN ။

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းဘုရားများပြန်လည်ပြုပြင်ရန် နှိုးဆော်ချက်

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းဘုရားများ ပြန်လည်ပြုပြင်ရန်အတွက် အောက်ဖော်ပြပါ စေတီ၊ ဂူဘုရားပုထိုးများ၏ တစ်ဆူချင်းအလိုက် ခန့်မှန်းကုန်ကျငွေများအတွက် နဝကမ္မအလှူငွေများ စေတီ၊ ဂူဘုရား၊ တစ်ဆူချင်းအလိုက် လာရောက်လှူဒါန်းနိုင်ပါကြောင်းနှိုးဆော်အပ်ပါသည်။

စဉ်	ဘုရားအမှတ်	အမျိုးအစား	ပြုပြင်ရန်ခန့်မှန်းတန်ဖိုးကျပ်သိန်း
၁	၁၃၈	ဂူဘုရား	၉၅ သိန်း
၂	၁၄၀	။	၁၁၂ သိန်း
၃	၂၂၈	။	၈၀ သိန်း
၄	၂၂၉	။	၈၀ သိန်း
၅	၂၉၂	ဥမင်စေတီ	၁၈၅ သိန်း
၆	၃၄၇	ဂူဘုရား	၁၅၀ သိန်း
၇	၆၆၉	။	၁၁၀ သိန်း
၈	၇၂၄	။	၈၀ သိန်း
၉	၈၅၃	။	၁၃၅ သိန်း
၁၀	၉၉၁	စေတီ	၁၃၅ သိန်း
၁၁	၁၂၇၂	။	၆၅ သိန်း
၁၂	၁၄၀၅	။	၁၆၈ သိန်း
၁၃	၁၄၀၈	။	၈၀ သိန်း
၁၄	၂၀၂၆	ဂူဘုရား	၁၁၀ သိန်း
၁၅	၂၀၈၂	။	၁၀၀ သိန်း
၁၆	၂၁၉၅	။	၁၀၀ သိန်း
၁၇	၂၁၄၂	၂ ထပ်ဂူဘုရား	၄၂၀ သိန်း
၁၈	၂၀၈၃	ဂူဘုရား	၈၅ သိန်း
၁၉	၂၀၅၁	၂ ထပ်ဂူဘုရား	၄၂၀ သိန်း
၂၀	၁၅၃၉	ဂူဘုရား	၂၀၀ သိန်း
၂၁	၁၂၇၇	။	၃၅၀ သိန်း
၂၂	၈၃၆	။	၆၅ သိန်း
၂၃	၅၉၉	။	၉၀ သိန်း

ဆက်သွယ်လှူဒါန်းနိုင်သောနေရာဌာနများ

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန ဖုန်း-၀၆၇-၄၀၈၂၁၄
၂။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ဖုန်း-၀၆၇-၄၀၈၀၄၀၊ ၄၀၈၀၂၇
၃။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ ဖုန်း-၀၁-၅၁၅၀၅၄၊ ၅၁၂၁၃၇
၄။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ပုဂံဌာနခွဲ ဖုန်း-၀၆၁-၆၀၂၆၉
၅။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန မန္တလေးဌာနခွဲ ဖုန်း-၀၂-၇၆၁၅၂

Job Vacancy Announcement

(For Local Service Only)

We are a good reputation of Pharmaceutical Marketing and Distribution Company. We are now seeking a candidate who is dynamic and highly motivated person for the following position.

Post Title:Marketing Manager (Cosmetic/Skin Care/FMCG Products)

Requirement:(1)Post M/F

Job Description: To design,develop and execute Promotion and Advertising strategies to promote awareness levels and achieve brand equity and brand image.

Qualifications and Competencies:

- Must Have Science graduate Holding Master Degree and Well Experience in (Cosmetic/Skin Care/FMCG Products)Marketing Field.(Male or Female)
- Result Oriented,High level of Commitment and Enthusiasm.
- Strategic Marketing Plan for short term and long term Goal.
- Good in Planning, Implementation and Monitoring.
- Understanding of Pricing Strategy,Penetrate into Market.
- Demonstrated Media Planning and Interaction With Advertising Agencies.
- Budgetting.
- Analytical skill of Product Life Cycle,SWOT.
- Ability to work with Team Member and giving Direction.
- Dynamic Personality.
- Good Communication and Inter personal skill.
- Good commend of Spoken and Written English.

To Apply

Qualified candidates may submit their application(CV,Recent passport size photo,copy of labour Registration card and attached with other related documents)to the following address within Ten days from starting of this advertisement.

PYREX TRADING COMPANY LIMITED.

Address:Rm(0103),Dagon Tower,Shwe Gon Dine Road,Bahan Tsp,Yangon,Myanmar.

Tel:(95-1) 544467,544483, 558248

ထာဝရဆွမ်းပဒေသာပင် စိုက်ထူလှူဒါန်း

မန္တလေး ဇွန် ၅

မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေတိပိဋက = နိကာယကျောင်းတိုက်ကြီးသို့ ထာဝရဆွမ်းပဒေသာပင် စိုက်ထူလှူဒါန်းပွဲကို ဇွန် ၂ ရက် နံနက် ၁၀ နာရီက အဘိဓဇ အဘိမွော ကျောင်းဆောင်၌ ကျင်းပရာ အလှူရှင် ရခိုင်ပြည်နယ် ဥပဒေချုပ် ဦးလှသိန်း၊ ဒေါ်ခင်မေအောင်၊ သား ဦးမျိုးထိန်သိန်း၊ ဒေါ်မျိုးမျိုးဆင့် (သိန်း မိသားစု ကွန်ပျူတာ)၊ သား ဦးစောထိန်သိန်း၊ ဒေါ်ချိုနွယ်ဝင်း၊ မြေးမောင်ဝါဆိုဦး၊ သမီး မစောဇင်မေ (သိန်းမိသားစု)က ထာဝရဆွမ်းပဒေသာပင် ငွေကျပ် ၁၅ သိန်းကို တိ=နိအုပ်ချုပ်ရေးမှူး ဦးထွန်းဦးထံ ပေးအပ်လှူဒါန်းကြောင်း သိရသည်။ (၅၇၄)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ







❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

အားကစားသတင်းအညွှန်း

မကွေးနှင့် Southern၊ ရက္ခပူရနှင့် ဥဿာတို့ သရေပွဲများဖြစ် — သတင်း(စာမျက်နှာ) ၁၀

ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာလူငယ်ဂေါက်သီးရိုက်အသင်း ထွက်ခွာ — သတင်း(စာမျက်နှာ) ၁၀

ဝင်ဘလေကွင်းတွင် ဆွစ်ဇာလန်ကို အင်္ဂလန်သရေသာကစားနိုင် — သတင်း(စာမျက်နှာ) ၁၀

တိုင်းရင်းသားလူငယ်များအနေဖြင့် စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ အရည်အသွေးများ ခိုင်မြဲအောင်၊ ထူးချွန်ထက်မြက်အောင် အားထုတ်ပြီး တာဝန်ထမ်းဆောင်

ရန်ကုန် ဇွန် ၅

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) သင်တန်းအမှတ်စဉ်(၁၀)ဆင်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ အဆိုပါကောလိပ်၌ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီအတွင်းရေးမှူး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေး တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍

စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်ကို ဆက်စပ်ပေးမည့် ကသာ-ဗန်းမော်လမ်း စီမံကိန်းမှ စင်းခန်း-ကသာ မော်တော်ကားလမ်း

သတင်းဆောင်းပါး - ခရမ်းစိုးမြင့် ❖ ဓာတ်ပုံ - ကျော်မိုးလွင်

ကသာ-ဗန်းမော်လမ်းစီမံကိန်းသည် ကသာမြို့မှစ၍ စင်းခန်းတံတားအထိ ၆၅ မိုင်ရှည်လျားပြီး ကသာမှ ချောင်းဝအထိ ၂၅ မိုင် ၆ ဖာလုံကို တစ်ပိုင်းနှင့် ချောင်းဝမှ စင်းခန်းတံတားအထိ ၃၉ မိုင် ၂ ဖာလုံကို တစ်ပိုင်းခွဲ၍ ပြည်ထောင်စုအစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ကြီးကြပ်ပြီး ကုမ္ပဏီ ၁၃ ခုနှင့် ဖောက်လုပ်လျက်ရှိသော မော်တော်ကားလမ်းအသစ် ဖြစ်သည်။

ယခုအခါ အဆိုပါ လမ်းဖောက်လုပ်ရေးနှင့် လမ်းပိုင်းများတွင် ပါဝင်သော တံတားများတည်ဆောက်ရေးလုပ်ငန်းကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေကြောင်း ကြားသိရ၍ ရောဝတီတံတား(စင်းခန်း)သို့ ရောက်ရှိနေသော ကျွန်တော်တို့သတင်းအဖွဲ့သည် ဧပြီ ၅ ရက်နေ့က မြစ်တစ်ဖက်ကမ်းကို ဇက်ရေယာဉ်ဖြင့် ကူး၍ သွားရောက်လေ့လာခဲ့ကြသည်။

စာရေးသူတို့၏ စင်းခန်း-ကသာ မော်တော်ကားလမ်း ၆၅ မိုင် ဖောက်လုပ်နေမှု လေ့လာရေးခရီးကို တာဝန်ခံအင်ဂျင်နီယာချုပ်(လမ်း) ဦးခင်မောင်ကျော်၏စီစဉ်မှုဖြင့် အဆိုပါလမ်းဖောက်လုပ်ရေးတွင် အနီးကပ်ကြီးကြပ်ဆောင်ရွက်နေကြသော အဆောက်အအုံဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၆)မှ **စာမျက်နှာ ၇ ကော်လံ ၁ သို့ ❒**